
# ဂန္ထဝင် မြန်မာဒဏ္ဍာရီ ပုံပြင်များ

ဆင်ဖြူကျွန်းအောင်သိန်း



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com



# ဂန္ထဝင်
# မြန်မာဒဏ္ဍာရီ
# ပုံပြင်များ

ဆင်ဖြူကျွန်းအောင်သိန်း

SPK001
1,500.00 KS

mgyoe.com

mgyoe.com

ရှေးဝင်မြန်မာဒဏ္ဍာရီပုံပြင်များ။ ဆင်ဖြူကျွန်းအောင်သိန်း
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၇ မျိုးမြန်မာစာပေတိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဂန္ထဝင်မြန်မာဒဏ္ဍာရီ ပုံပြင်များ

ဆင်ဖြူကျွန်းအောင်သိန်း

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကြောက်ဖွယ်အနမ်းပါတကား | ၂ |
| ၂။ | ကွင်းဆက်ကအရှည်ကြီး | ၁၅ |
| ၃။ | အကြောင့်ကြကြီးသူများ | ၂၉ |
| ၄။ | အာမခံအပေးမှားသူ | ၃၈ |
| ၅။ | လျှာဦးသီးသောပျားရည်စက် | ၅၁ |
| ၆။ | အိုသည်၊ ပျိုသည်၊ ကြီးသည် ငယ်သည်မရွေး | ၅၇ |
| ၇။ | ဘဝင်မြင့်သောသမင် | ၆၈ |
| ၈။ | သားငှက်တို့၏ စားပွဲသောက်ပွဲကြီး | ၇၅ |
| ၉။ | ဘုရင်အိုကြီး၏နောက်လိုက်ငယ်သားများ | ၈၉ |
| ၁၀။ | လက်ပံတောမှ လာခဲ့သူ | ၁၀၁ |
| ၁၁။ | ပင်ပန်းရကျိုးမနပ်သူ | ၁၁၀ |
| ၁၂။ | ကောက်ညှင်းပေါင်းစားချင်မိ၍ | ၁၂၅ |
| ၁၃။ | ကံကောင်းလို့ဟာ ကံကောင်းလို့ | ၁၃၅ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဂုံးစကား

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော "ရှေးရိုးရာ မြန်မာပုံပြင်" နှစ်တွဲသည် မြန်မာ့ရိုးရာပုံပြင်များတွင် ပါဝင်သည့် တိရစ္ဆာန်ပုံပြင်များမှဖြစ်ပါသည်။ ဤအကြောင်းကို ပထမတွဲ၏။ နိဒါန်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုထပ်မံ၍ ဖော်ပြခြင်းမှာ မြန်မာ့ရိုးရာပုံပြင်များအကြောင်းကို ပြောလိုသောကြောင့် ဖြစ်ပါသည်။

မြန်မာ့ရိုးရာပုံပြင်များတွင် နေမင်းနှင့်စစ်ခင်းသော ငလက်မ၊ သက်ငယ်ရိတ်ရန်သွားသော ရွှေယုန် ရွှေကျား၊ သေပြီးခါမှ မီးခိုးချင်းပေါင်းဖက်သော ရှင်မွေးလွန်း မင်းနန္ဒာပုံပြင်များသည် နာပျော်ဖွယ်ကောင်း၏။ လူသိလည်းများ၏။

သို့သော် အချို့ပုဂ္ဂိုလ်တို့က ထိုပုံပြင်များသည် နိုင်ငံတကာပုံပြင်များတွင်လည်း ရှိသည်ဟု မိန့်ကြားကြ၏။ မြန်မာပုံပြင်အဖြစ် နှစ်သက်နေသည့်အရသာမှာ ပျက်လုပျက်ခင်ဖြစ်သွားရတော့၏။

ထိုအခါတွင် ဤသို့ဆင်ခြင်မိပါသည်။

ကမ္ဘာ့ယဉ်ကျေးမှုသည် အနောက်မှစတင်သလော။ အရှေ့မှစတင်သလော။

အရှေ့မှ စတင်ပါသည်။

ယနေ့အချိန်တွင် အနောက်အရပ်မှ အကောင်းအဆိုးတွေ အရှေ့

mgyoe.com

mgyoe.com



အရပ်သို့ စီးဝင်နေသည်။ ရိုက်ပုတ်တွန်းထိုးပစ်ရသည်အထိ လိမ့်ဝင်နေပါသည်။ သို့ရာတွင် 'ပိုး'လမ်းမကြီးခေတ်တွင်မူ အရှေ့အရပ်မှ ယဉ်ကျေးမှုများသည် အနောက်သို့ စီးဝင်ခဲ့ပါသည်။

ပိုးလမ်းမကြီးသည် တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဆီးရီးယား၊ ရောမတို့ကို ဆက်သွယ်ထားသည်။ အင်္ဂလန်၊ အမေရိက စသည်တို့မှာ ပိုးလမ်းမတွင် သွားလာနေသူများကြား၌ မဝင်ဆံ့ခဲ့ပါ။

ကုလားအုပ်ဝန်တင်၊ လားဝန်တင် ကုန်သည်အဖွဲ့များသည် တစ်လသေသေ တစ်လဆန်းဆန်း ခရီးသွားကြရ၏။ မြက်ရေပေါရာအရပ်တွင် စခန်းချစဉ်၊ အရှေ့သားနှင့် အနောက်သားတို့ ဆုံမိကြသည်။ အရှေ့အရပ်၏ကြီးကျယ်ခမ်းနားပုံများကို အနောက်သားတို့ တအံ့တသြ နားထောင်ကြရ၏။

နက္ခတ်တာရာဂြိုဟ်သွား ဂြိုဟ်လာ အတတ်၊ ပုံပြင်ပြောခြင်း၊ နီတိစကားများ ဟောပြောခြင်းသည် စားဝတ်နေရေး မပူပန်ရသော အရှေ့အရပ်မှသာ စတင်ထွန်းကားသည်။ သို့အတွက် အနောက်အရပ်တွင်လည်း ရှိသည်ဆိုသော ပုံပြင်များမှာ အရှေ့မှသွားသော ပုံပြင်များသာဖြစ်ဖို့များပေသည်။

လက်တင်အမေရိကတွင် တစ်ချိန်သောအခါက မာယာယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း၊ ဤအရာသည် အနောက်မဟုတ်လောဟု မေးစရာရှိပါသည်။

ကမ္ဘာ့မြေပုံပေါ်ရှိ တိုက်များကို ကြည့်ပါလေ။ လက်တင်အမေရိကသည် အာဖရိကမှ ပဲ့ထွက်သွားသလော၊ အာရှတိုက်မှ ပဲ့သွားသလော။

မာယာယဉ်ကျေးမှုသည် ခမင်ယဉ်ကျေးမှုနှင့် နီးစပ်၏။ လက်တင်အမေရိကသည်လည်း အာရှတိုက်အရှေ့ပိုင်းမှ ပဲ့ထွက်သွားသော အစိတ်အပိုင်းဖြစ်၏။ သို့ဖြစ်သောကြောင့် တစ်ခုသော အချိန်က စားသောက်

mgyoe.com

mgyoe.com



ချက်ပြုတ်ဝတ်ဆင်မှုအပါအဝင် ယဉ်ကျေးမှုများသည် အရှေ့မှ အနောက်သို့ စီးဆင်းခဲ့ကြောင်းမှာ မငြင်းသာပေ။

"ရှေးရိုးရာ မြန်မာပုံပြင်" နှစ်တွဲသည် မြန်မာ့ရိုးရာပုံပြင်များအနက်၊ တိရစ္ဆာန်ပုံပြင်များကို တွက်၍ ထုတ်နုတ်ထားခြင်းဖြစ်ငြား၊ အရောအနှော ပါနေပြီလော၊ သံသယဝင်ရ၏။ ပုံစံအားဖြင့် လား၊ ကုလားအုပ်၊ သိုး။

မြန်မာတို့၏ဘာသာရေးစာပေများတွင် သိုးကို ဆိတ်ကို လားဟု ဖော်ပြထား၏။ ကုလားအုပ်ဆွဲသောလှည်းများအကြောင်းလည်း ပါရှိ၏။ သို့တစေ မြန်မာပုံပြင်များ၌ ထိုသတ္တဝါများအကြောင်းမပါရှိချေ။ သို့ပါလျက်နှင့် နောက်ပိုင်းတွင် ထိုသတ္တဝါများပါဝင်သော မြန်မာပုံပြင်များကို တွေ့လာရ၏။

ထိုသို့ဖြစ်ရခြင်း၌ အကြောင်းနှစ်ရပ် ရှိဟန်တူပါသည်။

ပထမအချက်မှာ နိုင်ငံတကာပုံပြင်များကို ကြားဖူးနားဝရှိကြစေရန်၊ ရှေးဆရာကြီးများက မြန်မာမှုပြုကာ ဘာသာပြန်ခဲ့သောပုံပြင်များ။

ဒုတိယအချက်မှာ မြန်မာမှု မြန်မာ့ယဉ်ကျေးမှုကို နှောင်းလူတို့ အလေးမမူခြင်းဖြစ်သည်။

မိမိကိုယ်ကို စနစ်တကျ မသုံးသပ်၊ မစေ့ငုဘဲ၊ အခြားတစ်ပါးမှ လာသောအရာဟူသရွေ့ အကောင်းထင်နေသောအခါ မိမိကိုယ်ကို အကြောင်းမဲ့ အထင်သေးလာသည်။ အထင်သေးသည့်အလျောက် မြန်မာမဟုတ်သောအရာများကို မြန်မာလုပ်ပစ်လိုက်ကြတော့သည်။

သို့ဖြစ်သောကြောင့် မြန်မာမှုစစ်စစ်များ မညစ်နွမ်း မတိမ်ကောစေရန် အားထုတ်ရန် လိုအပ်ပြီ။

ထိုအတူပင်၊ မြန်မာ့ရိုးရာ ပုံပြင်အစစ်များ မတိမ်ကော မပျောက်ပျက်စေရန် ကြိုးပမ်းသင့်ကြပေသည်။ ။

ဆင်ဖြူကျွန်းအောင်သိန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကြောက်ဖွယ်အနမ်းပါတကား

ရှေးလွန်လေပြီးသောအခါက ဂင်္ဂါမြစ်အတွင်း၌ နဂါးတစ်ကောင် နေထိုင်ခဲ့လေသည်။ သူသည် တပည့်တပန်းအခြံအရံပေါ်များသော ကြောင့် မာနကြီး၏။ ဒေါသလည်းကြီး၏။ သို့ရာတွင် ဉာဏ်ပညာကား နည်းပါးလွန်းလှပေ၏။

သူသည် ရေအောက်နဂါးပြည်တွင် နဂါးမ မောင်းမမိဿံပေါင်း ခြောက်သောင်းနှင့် ပျော်ရွှင်စွာခံစား၏။ နဂါးမ အချောအလှအယဉ် အကျေးကလေးတွေ၏ အပြုစုအယုယကို ခံရ၏။ ချစ်စရာ နဂါးမ ကလေးတွေ၏ အကအခုန် အဆိုအတီးကို စံစားရ၏။

သို့ရာတွင် နှစ်ပေါင်းများစွာ ကြာညောင်းလာသောအခါ ထိုအရာ များကို နဂါးမင်းငြီးငွေ့လာသည်။ တစ်နေ့လာလည်း အစားကောင်း အသောက်ကောင်းစားရ။ တစ်နေ့လာလည်း အညွန့်အဖူးကလေးတွေ ၏ ချိုသာသောအသံ။

သည်အစာတွေကို နဂါးမင်း မစားလိုပြီ။ သည်အချောအလှတွေ

mgyoe.com

mgyoe.com


မှာ နဂါးမင်း၏ အာရုံ၌မရှောတော့။ မလှတော့ပြီ။ အရိုအသေပေး ဦးညွတ်သည်ကိုလည်း မသာယာတော့ပြီ။

သို့အတွက် နဂါးမင်းသည် မိဖုရားများ မှူးမတ်များမသိအောင် ရွှေနန်းတော်ကြီးမှ တိတ်တဆိတ် ထွက်ခွာလာခဲ့သည်။ သမုဒ္ဒရာထဲတွင် သာမန်နဂါးတစ်ကောင်အဖြစ် လွတ်လပ်ပျော်ပါးစွာ လှည့်လည်သွားလာနေသည်။ ထိုမှတစ်ဆင့် ဂင်္ဂါမြစ်သို့ ပြန်လာသည်။ သို့သော် ရွှေနန်းတော်သို့ မပြန်သေး။ တောနက်ကြီးထဲတွင် ဒရယ်၊ ယုန်၊ သင်းခွေချပ်၊ ဖွတ်၊ ပတက် စသည့် သတ္တဝါငယ်များကို ဖမ်းယူစားသောက်လိုသေးသည်။

သို့အတွက် ဂင်္ဂါမြစ်ရေအောက်မှ ဆန်တက်လာခဲ့သည်။ ထို့နောက် တောနက်ကြီးထဲသို့ ရောက်လာချိန်တွင် နဂါးမင်းသည် ရေထဲမှ ဘွားခနဲ ဖော်တက်လိုက်သည်။

"ငါ ရေသောက်နေတာ မမြင်ဘူးလား။ နင် ဘာကောင်တုံး၊ သွားစမ်း"

ငေါက်ငမ်းသံကြီးကို မမျှော်လင့်ဘဲ ရင်ဆိုင်ရသည်။ ငေါက်ငမ်းသူကား ခြင်္သေ့မင်းဖြစ်သည်။

နဂါးမင်းကလည်း မင်းဖြစ်ရကား ပမာမခန့်ပြေကြား၏။

"ဟဲ့ မောင်မင်း ရေသောက်နေတာ ငါမသိဘူးကွယ့်။ တောထဲကို သွားဖို့အတွက် ရေထဲက တက်လာတာ"

"သယ်၊ ငါ့ကိုများ မောင်မင်းနဲ့ ဘာနဲ့ ရိုင်းလှချည်လား။ နင် ဘယ်သူတုံး"

"ငါဟာ သည်ဂင်္ဂါမြစ်က နဂါးမင်းပဲ"

"နင်သာလျှင် ဘုရင်မဟုတ်။ ငါလည်း သည်တောသုံးတောင်ကို အစိုးရတဲ့ ခြင်္သေ့မင်းဟဲ့"

mgyoe.com

mgyoe.com


"ခြသေ့်မင်းလား။ သလိုဆိုလည်း ရေသောက်စရာရှိတာ ဆက်သောက်ပါလေ။ ငါလည်း တောထဲသွားဦးမယ်"

နဂါးမင်းက ကမ်းပေါ်သို့တက်လာပြီး၊ ပြေပြစ်စွာဆိုငြား၊ ခြသေ့်မင်းက သွားခွင့်မပြုပေ။ "မသွားရဘူး" ဟုဆိုသည်။

"ဘာကြောင့် မသွားရမှာတုံး ခြသေ့်မင်းရဲ့"

နဂါးမင်းက အေးဆေးစွာ ပြန်မေးသည်။

"မောင်မင်းဟာ ငါ့ပိုင်နက်ထဲကို ကျူးကျော်လာရုံမက၊ ငါသောက်မယ့် ရေကို နောက်အောင်နှောက်တဲ့အတွက် တောင်းပန်ရမယ်"

နဂါးမင်းမှာ ပါးစပ်ထဲမှ မီးတောက်ကြီးထွက်လာသည်အထိ ဒေါသဖြစ်ရ၏။

"စီးစီးပိုးပိုး မပြောပါနဲ့ ခြသေ့်မင်း။ သင်က ဘယ်လောက်အစွမ်းရှိလို့ ကျွန်ုပ်က တောင်းပန်ရမှာတုံး"

"အစွမ်းသတ္တိ ဘယ်လောက်ရှိတယ်ဆိုတာ သိချင်ရင်၊ အစွမ်းပြိုင်ကြမယ်လေ။ ဘယ့်နှယ်တုံး"

"ကောင်းလိုက်လေ ခြသေ့်မင်းရာ၊ ဒါမျိုးကို စောင့်နေတာ၊ အခုလား"

"အခုပေါ့။ ဒါပေမဲ့ သည်နေရာမှာ မဟုတ်ဘူး"

ခြသေ့်မင်းနှင့် နဂါးမင်းသည် ဂင်္ဂါမြစ်နှင့်ဝေးရာသို့ ထွက်ခွာလာခဲ့ကြသည်။ တောစပ်ကွင်းပြင်သို့အရောက်တွင် ခြသေ့်က ရပ်တန့်လိုက်သည်။

"ကွင်းထဲမှာ ဒရယ်တွေ သမင်တွေ၊ ပြောင်တွေကို မြင်တယ်မဟုတ်လား နဂါးမင်း"

ကွင်းထဲတွင် သားကောင်များသည် သူ့အစုနှင့်သူ၊ ကိုယ့်အုပ်နှင့်ကိုယ် အစာစားနေကြသည်။ တစ်ချက်တစ်ချက် ဝေ့ကြ ခတ်ကြ ပြေး

mgyoe.com

mgyoe.com


လွှားကြသည်။ ထို့နောက် ပြန်လည်ငြိမ်သက်သွား၏။

"သည်နေရာဟာ သင်နဲ့ကျွန်ုပ် အစွမ်းပြိုင်ရမယ့်နေရာပဲ"

ခြသေ့ကစတင်ပြောသဖြင့်၊ အစွမ်းပြိုင်ပုံပြိုင်နည်းကို နဂါးမင်းက မေးရာ၊ ခြသေ့က ရှင်းပြ၏။

"အခု အစာစားနေတဲ့ သတ္တဝါတွေကို ဟောသည်နေရာက နေရာ မရွှေ့ဘဲ သေအောင်လုပ်ရမယ်။ ကောင်ရေအများဆုံးသေအောင် လုပ်နိုင်သူက နိုင်တယ်လို့ သတ်မှတ်ရမယ်"

"ကောင်းပါပြီ။ ခြသေ့မင်းက စတင်ပြီး အစွမ်းပြပါ"

ခြသေ့မင်းသည် မြေတွင်ဝပ်ပြီး လည်ဆံမွေးတွေထောင်သည်။ သို့သော် ချက်ချင်း အမွေးတွေ ပြန်လဲသွားသည်။

"အစွမ်းပြတာကို၊ သည်လို တစ်ပဲခြောက်ပြားနဲ့ပြရင် ပေါသွား လိမ့်မယ်"

"ခြသေ့မင်းက ဘယ်လိုလုပ်ချင်လို့ပါလိမ့်"

"အလောင်းအစားနဲ့မှ ကောင်းမယ်။ ဒါကြောင့် သင်ရှုံးရင် သင့် ဦးခေါင်းကိုဖောက်ပြီး၊ ဦးနှောက်ကို ကျုပ်စားမယ်။ ကျုပ်ရှုံးရင်လည်း ကျုပ်ဦးနှောက်ကို သင်ကဖောက်စား။ သဘောတူလား"

"တူပါတယ်။ တူပါတယ်"

ခြသေ့သည် နဂါး၏အဖြေကို ရလျှင် ကိုယ်ကိုညွတ်၏။ လည်ဆံ မွေးတွေ ထောင်ထအောင် မာန်သွင်းသည်။ အမြီးနှင့်မြေကြီးနှင့် ရိုက် လိုက်ရာက အားကုန်ဟောက်သည်။

ပြင်းထန်သော ဟောက်သံကြီးကြောင့်၊ သားကောင်တွေ နားကွဲ ပြီး သေလေ့ရှိသည်။ အကြောက်လွန်ပြီး သေသည်လည်းရှိသည်။ ယခု လည်း စားကျက်ထဲက သတ္တဝါတွေသေသည်။ သေသော်ငြား ချေသုံး ကောင်သာရှိသည်။

mgyoe.com

mgyoe.com


ခြသေ့်နှင့်နဂါးသည် စားကျက်ထဲ ဖရိုဖရဲဖြစ်သွားသော သတ္တဝါတွေ ငြိမ်သက်သည်အထိ စောင့်သည်။ အေးအေးလူလူ အစာပြန်စားကြချိန်တွင် နဂါးသည် ခေါင်းထောင်ပြီး မျက်စောင်းထိုးလိုက်သည်။ မျက်စောင်း၏ဒဏ် ပြင်းလွန်းရကား၊ သတ္တဝါတွေ၏ကိုယ်၌ မီးတောက်မီးလျှံများ ဖုံးလွှမ်းသည်။

မီးတောက်ကြီး ငြိမ်းသက်သွားပြီ။ သတ္တဝါမည်မျှသေကျေသနည်း။ ရေတွက်ကြည့်ကြသည်။ သမင်ငါးကောင်၊ ဒရယ်ငါးကောင်၊ ချေဆယ်ကောင်။

ရေတွက်ပြီးချိန်တွင် နဂါးမင်း၏အောင်မြင်သော အသံကြီးပေါ်လာ၏။

"အမောင် ခြသေ့်မင်း၊ အစွမ်းပြိုင်ပွဲမှာ ဘယ်သူနိုင်သတုံး"

"နဂါးမင်းနိုင်ပါတယ်"

"ဘယ်သူရှုံးသတုံး"

"ကျုပ်ရှုံးပါတယ် နဂါးမင်း။ ကျုပ်ခေါင်းကိုဖောက်ပြီး ဦးနှောက်ကိုစားပါတော့"

ခြသေ့်သည် နဂါးရှေ့၌ဝပ်ပေးရာက ဆတ်ခနဲ ပြန်ထ၏။

"အသင် နဂါးမင်း။ ကျုပ် အချိန်တန်လို့ ရွှေဂူကို ပြန်မရောက်ရင် ကျုပ်သားလေးတွေ၊ သမီးလေးတွေ ဝမ်းနည်းပူဆာ ငိုကြွေးနေပါလိမ့်မယ်။ ဒါကြောင့် သူတို့အတွက် တစ်လစာလောက် အစာလည်းရှာပေးရင်း၊ ဆွေမျိုးသားချင်းများကိုလည်း နှုတ်ဆက်ရင်းနဲ့ ခဏပြန်ပါရစေ"

"ခဏဆိုတာ ဘယ်လောက်တုံး"

"ခုနစ်ရက်တည်းပါ နဂါးမင်းရယ်။ သင့်မှာလည်း သားသမီးမယားနဲ့ ဆွေမျိုးဉာတိတွေ ရှိမှာမို့၊ ကိုယ်ချင်းစာစေချင်ပါတယ်"

"ကောင်းပြီ။ ခုနစ်ရက်စေ့တဲ့နေ့ နံနက်ခါမှာ မောင်မင်းနဲ့ ငါတွေ့

mgyoe.com

mgyoe.com


ခဲ့ကြတဲ့ ဂင်္ဂါမြစ်ကမ်းက ရေသဖန်းပင်အောက်ကို လာခဲ့ရမယ်”

“ကောင်းလှပါပြီ နဂါးမင်းခင်ဗျား”

နဂါးမင်းသည် ချက်ချင်းထွက်ခွာသွားပြား၊ ခြသေ့်မင်းမှာ ရုတ်တရက် မသွားဖြစ်သေး၊ ငူငူငိုင်ငိုင်ဖြစ်နေပြီးမှ မလှမ်းချင်လှမ်းချင် လှမ်းလျက် မိသားစုရှိရာ ဂူကြီးဘက်သို့လှမ်းလာခဲ့သည်။

ခြသေ့်မင်းမှာ ယနေ့မှ ခုနစ်ရက် ပြည့်မြောက်သောနေ့၌ မုချသေရတော့မည်ကို သိထားရပြီမဟုတ်လား။ အဘယ်မှာ ရွှင်လန်းနိုင်ပါမည်နည်း။ ထိုအခြင်းအရာကို အခြားသတ္တဝါများ သတိမထားမိပြား၊ ယုန်မင်းရာဇာမှု ကောင်းစွာသိသည်။

“အို အဆွေခြသေ့်မင်း၊ မရွှင်မပျ နေးတိနေးကွေးနဲ့ ဘယ်လိုသောကဒုက္ခနဲ့ ရင်ဆိုင်လာရသတုံး။ သိပါရစေ”

အသံကြားတော့မှ ခြသေ့်မင်း တုံ့ရပ်သည်။ တောင်ပို့ပေါ်တွင် ဝပ်နေသော ယုန်မင်းရာဇာကို သတိထားမိသည်။

“မာနပေါ့ဗျာ၊ မာနပေါ့”

“ဘယ်လို မာနပါလိမ့်၊ သိပါရစေဗျာ”

“ဂင်္ဂါမြစ်မှာ ရေသောက်နေတုန်း နဂါးတစ်ကောင် ပေါ်လာသဗျ၊ သူက တောင်းတောင်းပန်ပန် လုပ်ပေမယ့်၊ လောင်းကြေးစားကြေး အစွမ်းပြိုင်ရမယ် စိန်ခေါ်မိတာ၊ ငါးပါးမှောက်ခဲ့ပြီကော”

ခြသေ့်မင်းသည် အဖြစ်အပျက်များကို မချန်မခြွင်းရှင်းပြရာက “ခုနစ်ရက်စေ့ရင် သေမယ်သိမှတော့၊ ဘယ်မှာ ရွှင်လန်းနိုင်ပါမတုံး ယုန်မင်းရာဇာရယ်” ဟု အဆုံးသတ်၏။

“တောပေါင်းသုံးထောင်ကို အစိုးရတဲ့ အသင်ခြသေ့်မင်းမရှိရင်၊ အကျွန်ုပ်တို့ တောသားသတ္တဝါတွေမှာ ကြီးနိုင်ငယ်ညှင်းဖြစ်ကုန်ကြမှာပေါ့၊ ခြသေ့်မင်းရယ်”

mgyoe.com

mgyoe.com


"မင်းမှာ သစ္စာ လူမှာကတိမဟုတ်လား။ ကျုပ်သစ္စာအပျက်မခံနိုင်ဘူး၊ ယုန်မင်းရာဇာရေ"

"သစ္စာမပျက်၊ ကတိမယွင်းတဲ့နည်းကို ရှာကြံပြီး၊ ခြသေ့်မင်းရဲ့အသက်ကို ကယ်ပါရစေ"

ခြသေ့်မင်းသည် ကုပ်နေသော အမြီးကို ထောင်၏။ ယုန်မင်းရာဇာအား ဝမ်းပန်းတသာကြည့်၏။

"အဆွေယုန်မင်းရာဇာ တတ်နိုင်ရင် ကယ်တော်မူပါ။ သားမယားနဲ့တကွ တစ်သက်လုံး ကျွန်ခံပါ့မယ်ဗျာ"

"ဒီလိုဆိုရင် 'ငှက်တော်' ကို တွေ့အောင် ရှာပြီး၊ အကျွန်ုပ်ထံလွှတ်ပေးပါ။ အဲသည်နောက်မှာ ခြသေ့်မင်း စိတ်အေးချမ်းသာစွာနေပြီး၊ ခုနစ်ရက်စေ့တဲ့နေ့ကျမှ ဂင်္ဂါမြစ်ကို လာခဲ့ပေတော့"

"စိတ်ချယုန်မင်းရာဇာ။ ငှက်တော်ကို ရှာပေးပါမယ်"

သို့တစေ ငှက်တော်အား တွေ့ရှိရေးမှာ ယုန်မင်းရာဇာထင်သလောက် မလွယ်ကူပေ။ တောင်ပို့ပေါ်သို့ ယုန်မင်းရာဇာ လာရောက်စောင့်ဆိုင်းရာ နှစ်ရက်ကြာမှ ငှက်တော်ရောက်လာပေသည်။

"မင်းကွာ ... အချိန်တွေ အဟောသိကံဖြစ်ကုန်ပါပေကော"

ယုန်မင်းရာဇာက ဆီးကြိုအပြစ်တင်သည်။

"ကျွန်တော် အဖော်ကောင်းလို့ ပင်လယ်ဘက်သို့ လိုက်သွားမိပါတယ် ယုန်မင်းရာဇာရယ်။ အခုလည်း ခြသေ့်မင်းနဲ့ တွေ့တွေ့ချင်း ပြေးလာတာပါ။ ခိုင်းစရာရှိတာသာ ခိုင်းပါတော့"

"မင်း ဂဠုန်ကို သိသလား"

ငှက်တော် အတန်ကြာအောင် စဉ်းစားပြီးမှ 'ကြားတော့ကြားဖူးတယ်၊ သိတော့ မသိဖူးခင်ဗျာ" ဟု ဖြေသည်။

"သူ ဘယ်မှာနေသတုံး"

mgyoe.com

mgyoe.com


ဤအမေးကိုလည်း ငှက်တော် ချက်ချင်းမဖြေနိုင်။ အတန်ကြာအောင် စဉ်းစားပြီးမှသာ ဖြေနိုင်သည်။

"လက်ပံတောမှာနေတယ်လို့ ကြားဖူးသဗျာ့"

"အဲသည်ကို သွားကွာ"

"အမယ်လေး မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

ငှက်တော်သည် အထိတ်တလန့် ထပ်ပြီးမှ ပြန်နားသည်။

"ဂဠုန်ဆိုတာ အလွန်ကြီးမားတဲ့ငှက်ပါ ယုန်မင်းရာဇာရယ်။ သူ့အတောင်ခတ်တာနဲ့ ကျွန်တော် အရိုးအသားတခြားစီဖြစ်သွားမှာပေါ့"

ဤစကားအဆုံးတွင် တမေ့တမော စဉ်းစားရသူမှာ ယုန်မင်းရာဇာဖြစ်၏။ သူသည် နဂါးကို ဖမ်းယူစားသောက်လေ့ရှိသော ဂဠုန်ကို အကူအညီတောင်းခြင်းဖြင့် နဂါးကို အသေသတ်ရန် စိတ်ကူးထား၏။ ထိုဂဠုန်ထံလွှတ်ရန်မှာ ငှက်တော်ဖြစ်၏။ ငှက်တော်မှာ အပြောအဆို သိမ်မွေ့စွာ အပျံအသန်းလျင်မြန်သောကြောင့်ပင်။

ယခုသော် တစ်မျိုးကြုံရတော့မည်။ ငှက်တော်က ဂဠုန်ထံ မသွားရဲဟု ဆိုနေသည်မဟုတ်လော။

"သည်တော့ သည်လိုလုပ်ကွာ"

တမေ့ကြီးကြာမှ ယုန်မင်းရာဇာထံမှ အသံထွက်လာ၏။

"အမိန့်ရှိပါခင်ဗျာ"

"တောသုံးတောင်ရဲ့အရှင်သခင်၊ ကေသရာဇာ ခြင်္သေ့မင်းရဲ့အကျိုးကို ဆောင်ရမှာမို့ ပင်ပန်းတယ် သဘောမထားပါနဲ့ကွာ"

"မပင်ပန်းပါဘူးခင်ဗျာ။ ယုန်မင်းရာဇာဖြစ်စေချင်တာကိုသာ မိန့်ရှိတော်မူပါ"

"တောအနှံ့ တောင်အနှံ့ လျှောက်သွားပြီးတော့၊ သားတွေ ငှက်တွေကို ဖိတ်ကြားပါ။ အရှင်သခင် ခြင်္သေ့မင်းရဲ့အသက်ကို ကယ်ဆယ်

mgyoe.com

mgyoe.com


သောအားဖြင့်၊ ယနေ့မှ ငါးရက်မြောက်နံနက်မှာ၊ ဂင်္ဂါမြစ်ဆိပ် ရေသဖန်းပင်ကို လာရောက်စုရုံးကြပါလို့ လိုက်လံအော်ဟစ်ပေးရမယ်"

"ကောင်းပါပြီခင်ဗျာ့"

"သေသေချာချာ မှတ်သွားနော်၊ ရက် မလွဲစေနဲ့"

"ယနေ့မှ ငါးရက်မြောက်နံနက်။ ဂင်္ဂါမြစ်ဆိပ် ရေသဖန်းပင်"

"အဲသလို လှည့်လည်ဆော်ဩရင်းက၊ ငှက်ကြီးတုံးစပ်ကို ရှာကြည့်ပါ။ တွေ့ရင် ငါ့ဆီ အမြန်ဆုံးသွားဖို့ လွှတ်ပေး"

"ကောင်းပါပြီ၊ ယုန်မင်းရာဇာခင်ဗျား"

ငှက်တော်သည် လျင်မြန်စွာ ပျံတက်သွားလေ၏။ ယုန်မင်းရာဇာမှာ ငှက်တော်ကို မမြင်ရတော့သော်ငြား "အိုသားအပေါင်း၊ ငှက်အပေါင်းတို့" အစချီသည့် ဆော်ဩသံကို ကြားနေရသဖြင့် ကျေနပ်နေ၏။ သို့ရာတွင် အပြည့်အဝ မကျေနပ်နိုင်သေး။ ငှက်ကြီးတုံးစပ် ရောက်လာသောအခါကျမှသာ ယုန်မင်းရာဇာမှာ ဟင်းချနိုင်တော့သည်။

ခြင်္သေ့မင်းနှင့်နဂါးမင်းတို့ ပြန်လည်ဆုံတွေ့ရကြရန် ကတိထားသောရက်သို့ ဆိုက်ရောက်လာချေပြီ။

ကျွဲ၊ နွား၊ အောင်း၊ တိုး၊ သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်၊ ဆင်၊ ဆိတ် စသော ခြေလေးချောင်းများ စောစီးစွာရောက်လာကြသည်။ ဖွတ်၊ ပတက်၊ တက်တူ၊ တောက်တဲ့၊ ကင်းလိပ်ချော၊ ပုတ်သင်၊ လိပ်၊ ဖား၊ ဖြူး၊ သင်းခွေချပ် စသည့် အခေါင်းအောင်း သတ္တဝါများနှင့် ငှက်များလည်း တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြ၏။

တောအနှံ့ တောင်အနှံ့မှ သားများ ငှက်များ ကုန်စင်အောင် လာကြသည့်အတွက်၊ ငှက်များနားစရာ သစ်ပင်မရှိတော့ပြီ။ ငှက်များမှာ ဆင်ကဲ့သို့သော အကောင်ကြီးများပေါ်တွင် နားကြရ၏။ မြေပြင်ပေါ်တွင် သတ္တဝါများဖြင့် ပြည့်နှက်နေသည့် နည်းတူ၊ တောင်ပံခတ်သံ၊

mgyoe.com

mgyoe.com


တွန်သံ၊ အော်သံ၊ ဟိန်းသံများကြောင့် မြစ်ကမ်းလုံးညံနေ၏။

အမှုပွေသော ကေသရာဇာခြသေ့်မင်းသည် မြစ်ကမ်းမှ ခပ်လှမ်းလှမ်းတွင် ဝပ်နေ၏။ ငှက်ကြီးတုံးစပ်သည် သဖန်းရွက်များကြား၌ ပုန်းနေ၏။

ယုန်မင်းရာဇာကား နဂါးမင်း ဘွားခနဲပေါ်လာလျှင် အသင့်စောင့်ကြဖို့ရန်အတွက် မြစ်ကမ်းနဖူး၌ အသင့်စောင့်ဆိုင်းနေသည်။ ယုန်မင်းရာဇာ ရေပြင်ကိုကြည့်နေစဉ်တွင် ဝဲကတော့ကြီးဖြစ်လာသည်။

"လာပြီဟေ့၊ အသင့်ပြင်ကြ"

ယုန်မင်းရာဇာ၏ အော်သံအဆုံး၌ ရေထဲမှ နဂါးကြီးပေါ်လာ၏။ အမောက်ထောင်ထောင် ပါးစပ်ပြဲပြဲ မျက်လုံးရဲရဲနှင့် နဂါးမင်းအား ယုန်မင်းရာဇာ ဆီးကြို၏။

"ကျွန်တော်က ယုန်မင်းရာဇာဖြစ်ပါတယ်။ ငှက်အပေါင်း၊ သားအပေါင်းကလည်း မြင်ဖူးချင်လို့ စောင့်နေကြပါတယ်"

"ဩော် ဟုတ်လား"

ထိုကဲ့သို့ တိုတောင်းစွာ နဂါးမင်းတုံ့ပြန်ရခြင်းမှာ၊ မသင်္ကာစရာ အသံကို ကြားရ၍ဖြစ်သည်။ သူကြားရသောအသံမှာ ဖျန်းဖျန်းဖြုန်းဖြုန်း ဂလောက်ဂလောက် အသံဖြစ်သည်။

"ကြွပါခင်ဗျာ။ နဂါးမင်းရဲ့အစာလည်း အသင့်ဖြစ်နေပါပြီ"

သို့သော် နဂါးက ရေထဲမှမတက်။

"အခုကြားနေရတာ ဘာသံတုံး အဆွေ"

နဂါး၏ အမေးကို ယုန်မင်းရာဇာက၊ နဂါး၏ နားနားသို့ကပ်လျက် လေသံဖြင့် တုံ့ပြန်၏။

"ဂဠုန်တစ်ကောင် ဟိုဘက်မှာရှိတယ်။ အဲဒါ သူ့ရဲ့တောင်ပံခတ်သံနဲ့ သစ်ပင်ကို နှုတ်သီးနဲ့ပေါက်သံလေ"

mgyoe.com

mgyoe.com


"ဟင် ဂဠုန်၊ ဟုတ်လား"

နဂါးမင်းမှာ သည်မျှသာ တုံ့ပြန်နိုင်ပြီး၊ ရေထဲသို့ စွက်ခနဲ ငုပ်သွားလေ၏။

"ဟားဟားဟားဟား အောင်ပြီကွ"

ယုန်မင်းရာဇာက အော်ဟစ်ရင်း ရယ်မောသည်။

"ယုန်မင်းရာဇာ ဘာတုံး၊ ဘာအောင်တာတုံး"

မသိလိုက် မမြင်လိုက်၊ မကြားလိုက်ရသော သားငှက်တွေက ပြိုင်တူအော်ဟစ်မေးမြန်းကြ၏။

"ငှက်ကြီးတုံးစပ်ရဲ့ တောင်ပံခတ်သံ၊ သစ်ခေါင်းကို နှုတ်သီးနဲ့ ခေါက်သံကြားတော့ 'အဲဒါ ဘာသံတုံး' တဲ့။ ခင်ဗျားကို လာစောင့်နေတဲ့ ဂဠုန်လေ လို့ ဖြေလိုက်တာနဲ့ တစ်ချက်တည်း ပြန်ပြေးတာပဲ"

ယုန်မင်းရာဇာသည် ဖြေကြား၍အဆုံး၌ အားရပါးရရယ်မော၏။ သားကောင်အပေါင်း ငှက်အပေါင်းမှာလည်း၊ တောကြီးသိမ့်သိမ့်ခါအောင် ရယ်မောကြ၏။ သည်မျှဖြင့် မပြီးသေး၊ သူတို့အရှင်ဘုရင်မင်းမြတ်၏ အသက်ကို ကယ်ဆယ်သူအဖြစ် ငှက်ကြီးတုံးစပ်ကို ဝိုင်းဝန်းနမ်းရှုပ်ကြ၏။

"ကျေးဇူးရှင်ကြီး အသက်ရှည်ပါစေ"

တစ်ကြိမ်အော်ပြီး၊ တစ်ကောင်က နမ်းသွား၏။

"ကျေးဇူးရှင်ကြီး၊ မယားမြန်မြန်ရပါစေ"

နောက်တစ်ကောင်က တစ်ခါအော်ပြီး တစ်ရှူပ်နမ်းသွား၏။

သားကောင်အပေါင်း၊ ငှက်အပေါင်းမှာ ငါးဆယ်တစ်ရာမဟုတ်။ သိန်းနှင့်ချီပြီး များပြားသည်။ နမ်းရာတွင် စတိမဟုတ်။ တို့ရုံထိရုံမဟုတ်။ ဝင်သက်လေကို တအားရှူသွင်းပြီး နမ်းခြင်းဖြစ်သည်။

အလွန်ကြီးမားသော ငှက်ကြီးတုံးစပ်မှာ တစ်ကြိမ်နမ်းလျှင် တစ်ခါ

mgyoe.com

mgyoe.com


ငယ်သွား၏။ အကောင်တစ်ရာမျှ နမ်းရုံဖြင့် မသိသာငြား၊ အခါ တစ်သိန်း အနမ်းခံရသောအခါ သိသာလာပြီ။ အခါတစ်သန်း အနမ်းခံရချိန်တွင်ကား ပို၍သိသာလေပြီ။

အကြိမ်ပေါင်း ဆယ်သန်း အနမ်းခံပြီးချိန်တွင်ကား၊ လူလောက်ကြီးသော ငှက်ကြီးတုံးစပ်ခမျှာ၊ လူ့လက်တစ်ဆုပ်စာသာရှိတော့သည်။ ထိုအတွက် ထိုငှက်အား ထိုအချိန်မှစတင်ပြီး 'နမ်းပြီးရှုပ်'ဟု ခေါ်တွင်ကြသည်။ သို့သော် ...

ကာလကြာညောင်း၊ လူတွေ စကားပြောမပီမသဖြစ်လာချိန်တွင်ကား 'နံ့ပြီစုတ်' ဟူ၍ဖြစ်လာလေတော့၏။ ။

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကွင်းဆက်က အရှည်ကြီး

"နေသေးသပါ့ ချုံထဲက၊ ချိုသွေးသပါ့ တမြမြပေါ့ယုန်ရာ"

ဖားသည် အမြီးထောင်ပြီး ပြေးသွားသော မယ်ရွှေယုန်အား လှမ်းမျှော်ကြည့်ရင်း ကြုံးဝါး၏။ အကြောင်းသော်ကား မယ်ရွှေယုန်က မယ်ဖား၏ခေါင်းကို တက်နင်းသွားသောကြောင့်တည်း။

စင်စစ်အားဖြင့် မယ်ရွှေယုန်ခမျာမှာ မယ်ဖားခုန်ညင်းကို မမြင်ရှာပါ။ မယ်ဖားခုန်ညင်း၏ အရောင်အဆင်းက မြေပြင်နှင့် တစ်သားတည်းဖြစ်နေသည်မဟုတ်လား။

သို့သော် မယ်ဖားမကျေနပ်။

"နင့် ခြေသည်းကြီးတွေနဲ့ ကုတ်သွားတာ၊ နာလိုက်တာ"

ညည်းတွားပြီးနောက် ဆက်လက်ကြုံးဝါးသည်။

"နက်ဖြန်လည်း သည်လမ်းက လာဦးမှာပဲ။ သိကြရော့ပေါ့။ မယ်ဖားခုန်ညင်းတဲ့ဟေ့"

မယ်ဖားခုန်ညင်းသည် နေရာမှ မရွှေ့ဘဲ၊ စောင့်နေသည်။ အစာ

mgyoe.com

mgyoe.com


ရှာမထွက်ပါ။ ပိုးကောင်ကလေးတွေ သူ့အနားရောက်လာလျှင် လျှာကြီးဖြင့် ထိုးဟပ်ဖမ်းယူစားသောက်သည်။

တစ်နေ့ကုန်၍ တစ်နေ့ပြောင်းခဲ့ပြီ။

မယ်ဖားခုန်ညင်းသည် တိုသောလည်ကိုဆန့်ပြီး မျှော်၏။ လည်ပင်းတိုလွန်းသဖြင့် မျက်လုံးကို နောက်စေ့ဘက်ရောက်အောင် ပြူးထုတ်ပြီး မျှော်လင့်သည်။

လာချေပြီ။ မယ်ရွှေယုန် ထင်းစည်းကြီးရွက်လျက် ပျာယီးပျာယာလာလေပြီ။ မယ်ဖား စောင့်နေသည်။ ကျောက်တုံးဘေးသို့ ရောက်ပြီ။

"အုံးဂွမ် အုံးဂွမ်"

"အောင်မယ်လေး၊ သောက်ပလုတ်တုတ်"

ခေါင်းပေါ်က ထင်းစည်းကြီး လွတ်ကျ၏။ နောက်မှ ဖားအော်သံမှန်းသိသဖြင့် အလန့်ပြေသွား၏။

"လန့်လိုက်တာ ကောင်မရယ်၊ ညည်းလုပ်လိုက်ရင် အရမ်းကြီး"

မယ်ဖားခုန်ညင်း ဝမ်းသာသွားသည်။ ခုန်ဆွခုန်ဆွသွားရင်း အော်ကြီးဟစ်ကျယ် ရယ်မောသွား၏။ မယ်ရွှေယုန်လည်း ထင်းစည်းကို ရွက်လျက် ခရီးဆက်သည်။ သို့သော် အမှုပွေနေပြီ။

စောစောက မယ်ရွှေယုန် ထင်းစည်းလွတ်ကျခဲ့သည်မဟုတ်လော။ ထိုထင်းစည်းသည် ချုံစပ်၌ အိပ်ပျော်နေသော ရွှေဖရုံသီးကို ဆောင့်ထိုးလိုက်မိသည်။

"အောင်မယ်လေး သေပါပြီဗျ။ အား အား"

ရွှေဖရုံသီးအော်သံကို မယ်ဖားခုန်ညင်းနှင့် မယ်ရွှေယုန်တို့ သတိမထားမိကြ။ ကိုယ့်ပြဿနာနှင့်ကိုယ် ရှုပ်နေကြသည်။

"သေပါပြီဗျာ၊ နာလိုက်တာ နာလိုက်တာ အား"

မောင်ရွှေဖရုံသည် နာကျင်လွန်းသဖြင့် ကျော့ကော့ပြီး ပြေး၏။

mgyoe.com

mgyoe.com


ပြေးရင်းက သစ်ပင်တစ်ပင်ကို ဝင်တိုက်မိတော့မှ အပြေးရပ်သည်။

"အရမ်းအရမ်းလုပ်တဲ့ ယုန်စုတ်မ"

သို့သော် မောင်ရွှေဖရုံတိုက်မိသောအပင်မှာ သာမန်သစ်ပင် မဟုတ်။ နှမ်းပင်ဖြစ်သည်။ နှမ်းသီးတွေကလည်း ပြွတ်သိပ်နေသည်။ ကြီးထွားအောင်မြင်သည်။ ရင့်မှည့်ပြီးနောက် ခြောက်သွေ့ကွဲအာနေပြီ။

မောင်ရွှေဖရုံ ဝင်တိုက်လိုက်သောအခါ နှမ်းပင်တစ်ပင်လုံး သွက်သွက်ခါသွားတော့သည်။ ထိုအခါ နှမ်းသီး၏ ကွဲအာတံခါးဝ၌ ပြူတစ်ပြူတစ် လုပ်နေသော နှမ်းစေ့တွေ လွင့်စင်ကုန်သည်။

ဖရိုဖရဲ လွင့်စင်သော နှမ်းစေ့တွေ မည်သို့ဖြစ်သွားပါသနည်း။ မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

နှမ်းစေ့တွေသည် တောကြက်မ၏ မျက်လုံးထဲသို့ သဲဖြင့် ဆုပ်ပက်ဘိသို့ ဝင်ကုန်တော့သည်။

"ကွပ်ကွပ်ကွပ် ကတော်၊ ကန်းပါပြီတော် ကန်းပါပြီ၊ မိနှမ်းလုပ်လိုက်ရင် အရမ်းချည်းပဲ"

တောကြက်မသည် မမြင်စမ်းတမ်းဖြင့် လျှောက်ပြေးသည်။ ဟိုအပင်တိုး သည်အပင်တိုက်ဖြစ်နေရာက ထပျံသည်။ ပျံသော်ငြားကြည့်၍ကား မရသေး။

"ကတော် ကွပ်ကွပ်၊ ကတော်"

တောကြက်မှာ ငှက်များနှယ် တစ်ဟုန်ထိုး ပျံသန်းသွားနိုင်စွမ်း မရှိချေ။ တစ်ထောက်သာ ပျံနိုင်သူဖြစ်ရာ၊ အရှိန်ကုန်သည်နှင့် အောက်သို့ ထိုးကျ၏။

မြင်မြင်ထင်ထင်ဆိုပါက သစ်ကိုင်းတောင့်တောင့်ပေါ်သို့ ထိုးဆင်းမိမည်။ မမြင်စမ်းတမ်းဖြစ်သောအခါ ကြုံရာကျရာ နားလိုက်သည်။ သည်တွင် ကျယ်လောင်သော အသံကြီးပေါ်လာသည်။

mgyoe.com

mgyoe.com


"ဖျောင်း၊ အားဟား ခါးကျိုးပါပြီဗျာ"

တောကြက်မ ခုန်ချမိသောနေရာမှာ ပိုးစားနေသော ဝါးကိုင်းဖြစ်ချေသည်။ ဝါးပိုးစားမှာ သူ့ကိုယ်ကိုသူ မထိန်းနိုင်။ နာကျင်စွာ အော်ဟစ်လျက် ယက်ကန်ယက်ကန် ထိုးကျလာသည်။

"ရှီရှီ အမယ်လေး သေပါပြီတော်။ မိဝါးလုပ်လိုက်မှဖြင့် အရမ်းကာရောချည်းပဲ။ ကျိုးပြီ အမယ်လေး"

ဝါးပိုးစားသည် မြွေအခွေပေါ်သို့ ကန့်လန့်ကျသည်။

ဆိတ်တစ်ကောင် မျိုထားပြီး အကြာကြီးအိပ်ရန် အခွေတွင်း ခေါင်းသွင်းထားသော ဒေါ်မြွေသည် အထိတ်တလန့် အော်ဟစ်ပြေး၏။ နာကျင်လွန်းသောကြောင့် ရှောင်ရမည့် သတ္တဝါလော၊ မိမိနိုင်နင်းသော သတ္တဝါလော ရွေးမနေနိုင်။ ပြေးမိပြေးရာ ကမ္ဘူးရှုးထိုးပြေးသည်။ အကောင်တစ်ကောင်ကို ဝင်တိုက်မိတော့မှ ရပ်တော့သည်။

ဒေါ်မြွေတိုက်မိသူကား ငဝက်။

ငဝက်သည် သခွားချုံထဲ၌ ခေါင်းထိုးထား၏။

ရွှေပွင့်တွေ ထိန်ဝေနေသော သခွားချုံထဲ၌ သခွားသီးတွေ သီးနေပြီ။ ငဝက်အတွက် ရတနာပုံဆိုက်ခြင်းဖြစ်သည်။ သခွားသီးနုနုရွှမ်းရွှမ်းတွေကို တစ်လုံးပြီးတစ်လုံး စားနေဆဲ၌ ဒေါ်မြွေက ဝင်တိုးခြင်းဖြစ်၏။

"အမယ်လေး ပလုတ်တုတ် မြွေကြီး။ ဂလူးဂလူး ကွိ"

ငဝက်သည် ကြောက်လန့်တကြားဖြင့် စားလက်စ သခွားသီးကို စလောင်းကြီးဖြင့် ထိုးကော်ပစ်မိ၏။

သခွားသီးမှာ လေထဲသို့ လွင့်တက်သွားရာက အွတ်ကနဲ မြေပေါ်သို့ ကျသည်။ သခွားသီးခမျာ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်မိ ရေအိုင်ထဲသို့ ပလုံကနဲ ကျသွားသည်။

မောင်သခွား ရေကူးတတ်ပြား၊ မထိန်းမတ်နိုင်မိ ရေအောက်သို့

mgyoe.com

mgyoe.com


ထိုးဆင်းသွားသည်။

"ဝေက်၊ ဝက်ရူး၊ အား မွန်းသဟ"

မောင်သခွားသည် ရေပေါ်သို့ ထိုးတက်ရန် ကြိုးစား၏။ ကြိုးစားနေဆဲမှာပင် တစ်စုံတစ်ရာကို ဝင်ဆောင့်၏။ ချက်ချင်းပင် ကြမ်းတမ်းသော လက်ကြီးများဖြင့် ဖမ်းချုပ်ခြင်း ခံလိုက်ရလေတော့၏။

"ဘောဂဝတီ နဂါးပြည်ကို ကျူးကျော်ဝင်ရောက်လာတဲ့ ငမိုက်သား၊ လာခဲ့"

မောင်သခွားသည် မျက်နှာတွင် စိုစွတ်နေသော ရေစက်ရေပေါက်တွေကို လက်ဖြင့်သပ်ပစ်သည်။ မည်သည့်နေရာသို့ ရောက်နေသနည်းဟု ကြည့်သည်။

သူ့တစ်ကိုယ်လုံးတွင် ကြိုးတွေတုပ်ထားသည်။ မာကျောသော ကြမ်းပြင်တွင် ဒူးတုပ်လျက် ထိုင်နေရသည်။ သူ့နောက် ဝဲယာတွင် အဲမောင်းလုံ့ကိုင် နဂါးတွေပါတကား။

"ငါ ဘယ်ရောက်နေပါလိမ့်"

မောင်သခွားသည် အထိတ်တလန့်ဖြင့် ရှေ့ဘက်သို့ လှမ်းကြည့်၏။ အရောင်မျိုးစုံထွက်နေသော မင်းထိုင်ပလ္လင်။ သည်ပလ္လင်ထက်၌ ပါးပျဉ်းတထောင်ထောင်ဖြင့် ဒေါသထွက်နေသော နဂါးဘုရင်။

"မှူးမတ်များ"

"ခစားလျက်ရှိကြောင်းပါ ဘုရား"

"တိုင်းရေးပြည်ရေးများ ဆွေးနွေးနေစဉ်တွင် ငါ၏ဦးခေါင်းကို ခြေဖြင့်ကန်သော ဤရာဇဝတ်သားအား မည်ကဲ့သို့ စီရင်သင့်သနည်း မောင်မင်းတို့"

"အရှင်မင်းမြတ်၏ဦးခေါင်းကို ခြေဖြင့်ကျောက်သော ငမိုက်သားအား သေဒဏ်ပေးရန်သာ ရှိကြောင်းပါဘုရား"

mgyoe.com

mgyoe.com


ထိုအခါတွင်မှ မောင်သခွားမှာ မိမိ၏အခြေအနေမှာ မထင်မှတ်ဘဲ ဆိုးရွားနေပါတကားဟု သိသည်။ သိလျှင်သိချင်း တုန်တုန်ယင်ယင်ဖြင့် အော်သည်။

"နေကြပါဦး၊ နေကြပါဦး။ ကျုပ် ကျုပ် ဘယ်သူ့ကိုမျှ စော်ကားဖို့ မရည်ရွယ်ပါဘူး။ ကျုပ်အိမ် သခွားချုံထဲမှာ အိပ်နေတာကို ဝေက်က သူ့နှုတ်သီးစလောင်းကြီးနဲ့ ကော်လွှတ်လို့ အခုလိုဖြစ်နေတာပါဗျာ"

ထိုအခါ နဂါးမင်းက အမိန့်ကို ပြင်ဆင်တော်မူ၏။

"မှူးတော် မတ်တော်များ၊ သည်အတိုင်း မှန်ကန်ပါက၊ ငါကိုယ်တော်ရှင်မြတ်အား အရှက်တော်ရအောင် လုပ်သော တရားခံဝေက်အား အမြန်ဖမ်းဆီး၍ ရှေ့တော်သို့ သွင်းစေ"

မင်းချင်းများသည် မောင်သခွားအား မလွှတ်သေးဘဲ၊ ဝေက်ကို လိုက်လံရှာဖွေကြသည်။ သခွားချုံဘက်သို့ တအိအိပြန်လာနေစဉ်တွင် ဝေက်အဖမ်းခံရတော့သည်။

"ဘာဖြစ်ကြတာတုံး။ ခင်ဗျားတို့ ဒရယ်နဲ့ဝေက်မှားနေပြီ ထင်တယ်"

"စကားမများနဲ့ လာလိုက်ခဲ့"

နဂါးမင်းချင်းများသည် ဝေက်ကို တုပ်နှောင်ဖမ်းဆီးသည်။ နဂါးဘုရင်၏ ရှေ့တော်သို့ သွင်းလာကြသည်။

"ဝေက်ဆိုတာ မောင်မင်းလားဟဲ့"

"မှန် မှန်လှပါ။ သို့ရာတွင် အကြောင်း ဘယ်သို့ဆိုတာလေးတော့ သိပါရစေဘုရား"

ဝေက် တုန်တုန်ယင်ယင်ဖြင့် တောင်းပန်သည်။

"မောင်မင်းသည် သူ့အိမ် သူ့ယာထဲ၌ အေးချမ်းစွာနေထိုင်သော မောင်သခွားအား နှာခေါင်းပွပွကြီးဖြင့် ထိုးကော်လွှတ်လိုက်သည့်အတွက် မောင်သခွားသည် ငါ၏မကိုဋ်တော်ပေါ်သို့ ကျရောက်လာ၏။

mgyoe.com

mgyoe.com


သို့ဖြစ်သောကြောင့် မောင်မင်းသည် ဘောဂဝတီပြည့်ရှင်မင်းအား မထိမဲ့မြင် ပြုသူဖြစ်သည်"

"မှန်လှပါ။ သေဒဏ်ပေးသင့်ကြောင်းပါ ဘုရား"

နဂါးအမတ်တစ်ဦးက ကြားဝင်လျှောက်တင်သည်။ ဝေက်လည်း ခြေကလန် လက်ကလန်ဖြင့် ရှင်းပြသည်။

"အလျင်မလိုကြပါနဲ့ဦး။ ရှင်းပြခွင့်ပြုတော်မူကြပါ"

"ဘာရှင်းချင်သတုံး မောင်မင်း"

"ကျွန်တော်ဟာ ကျွန်တော့်အစာဖြစ်တဲ့ သခွားသီးတွေကို အေးချမ်းစွာ စားနေတာပါဘုရား။ ဘယ်သူ့ကိုမျှ အနှောင့်အယှက်ပေးဖို့ မရည်ရွယ်ပါဘူး။ အဲဒါကို ဒေါ်မြွေက သူ့ကိုယ်လုံးရှည်ရှည်ပျော့ပျော့ကြီးနဲ့ လာပတ်တဲ့အတွက် ထိတ်လန့်ပြီး သခွားကို စလောင်းနဲ့ ကော်လွှတ်မိတာပါ ဘုရား"

"ဒါ အမှန်ပဲလား။ လိမ်မယ် မကြံနဲ့"

"မမှန်ကန်ပါက၊ ဆယ်ပြန်သောအသက် မီးဆက်၍ခံဝံ့ကြောင်းပါ အရှင်မင်းကြီး"

သို့ဖြစ်သဖြင့် နဂါးမင်းသည် နဂါးမင်းချင်းများအား ဒေါ်မြွေကို ရှေ့တော်မှောက်သို့ ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ထုတ်လေ၏။ ဒေါ်မြွေမှာလည်း ဝါးပိုးစားကို ပေါက်သတ်ရန်၊ ခါးတစ်ဖက်စောင်းလျက် လိုက်လံရှာဖွေနေ၏။ ထိုအချိန်တွင် နဂါးများ၏အဖမ်းခံရကာ နဂါးဘုရင်၏ရှေ့တော်သို့ ရောက်လာရလေ၏။

နဂါးအမတ်တစ်ဦးက ဘုရင့်ကိုယ်စား စွဲချက်တင်၏။

"မယ်မင်းသည် အေးချမ်းစွာ အစာစားနေသော ဝေက်ကို ပျော့စိရှည်လျားသော ကိုယ်ကြီးဖြင့် သွားရောက်ရိုက်ပုတ်သောကြောင့် ဝေက်က သူစားသော သခွားသီးကို ထိတ်လန့်တကြားကော်လွှတ်လိုက်ရာ၊

mgyoe.com

mgyoe.com


သခွားသီးသည် ဘုရင်မင်းမြတ်၏ မြင့်မြတ်သော မကိုဋ်တော်ပေါ်သို့ ကျရကား မယ်မင်းသည် ကြီးလေးသော"

"အမယ်လေးတော်၊ အမယ်လေးတော်။ အဲဒါ"

ဒေါ်မြွေ ထအော်သောအခါ "ဒါရွှေနန်းတော်ဖြစ်တယ်။ စည်းနဲ့ ကမ်းနဲ့ ပြောစမ်း" ဟု မင်းချင်းတစ်ယောက်က ငေါက်၏။

"မယ်မင်းသည် ကြီးလေးသောအပြစ်ကို ကျူးလွန်သူဖြစ်သည်။ ဤအမှုတွင် မယ်မင်းမည်သို့ လျှောက်လဲလိုသနည်း"

ဒေါ်မြွေသည် ဆန့်နိုင်သမျှ ဆန့်ပြီး ပတတ်ရပ်၏။

"ကျွန်တော်မျိုးမသည်၊ ယမန်နေ့ကစပြီး တောဆိတ်တစ်ကောင်ကို ပင်ပန်းကြီးစွာ မျိုချနေခဲ့ရာ၊ ယနေ့မှပြီးစီးပါသည်။ ဘယ်ကိုမျှ မသွားနိုင်၊ မလာနိုင်တော့လို့ ဝါးပင်အောက်မှာ ခွေအိပ်နေတုန်း၊ မိဝါးက ကျွန်တော်မျိုးမကို ရိုက်တာ ခုထက်ထိ ခါးစောင်းနေဆဲပါဘုရား"

"ဟဲ့ လိုရင်းရောက်အောင် တင်လဟဲ့"

တစ်ဦးက ဝင်ငေါက်သဖြင့်၊ ဒေါ်မြွေမှာ "ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အင် အယ် ဘယ်ရောက်သွားပါလိမ့်" ဖြစ်နေလေ၏။

"အိပ်နေတုန်းမှာ ခါးကိုဖြတ်အရိုက်ခံရတော့ အိပ်မှုန်စုံမွှားနဲ့ ပြေးမိပြေးရာအပြေးမှာ ငဝက်ကို ပက်မိတာပါဘုရား။ နဂါးမင်းကို မရိုမသေ လုပ်တာမဟုတ်ကြောင်း ကျိန်ဆိုကျိန်ပါ့မယ်ဘုရား"

"သို့ကလိုဆိုက မယ်ဝါးကို ဖမ်းဆီးစေ"

သို့ဖြစ်သောကြောင့် မယ်ဝါးလည်း မကြာမီအချိန်အတွင်း၌ တရွတ်တိုက်ရောက်ရှိလာလေ၏။ အမတ်ကြီးတစ်ဦးက မယ်ဝါးအား စွဲချက်တင်ပုံမှာ ဒေါ်မြွေအား တင်သောစွဲချက်တွင် "ဒေါ်မြွေအား အိပ်ပျော်နေစဉ်၊ ခါးကိုရိုက်သည့်အတွက် ကြီးလေးသော ရာဇဝတ်မှုသင့်သည်" ဟု ဖြည့်စွက်ခြင်းဖြစ်ပေသည်။

mgyoe.com

mgyoe.com


မယ်ဝါးတွန့်လိမ်သွားသည်။ တဟီးဟီးငိုတော့သည်။

"ကျွန်တော်မျိုးမဟာ နဂါးမင်းကို မသိတဲ့အတွက် ပြစ်မှားဖို့ စိတ်မကူးမိပါဘူးရှင်။ တောကြက်က တောကြက်က ပိုး ပိုးစားနေတဲ့ နေရာပေါ် ခုန်ချလို့ ကျိုးသွားတဲ့အတွက် ဒေါ်မြွေအပေါ် မတော်တဆကျတာပါ ရှင်တို့ရေအီ ..."

"မှူးတော်မတ်တော်များ"

"မိန့်တော်သံ နာခံလျက်ပါဘုရား"

"မယ်ဝါးအား ထိခိုက်နာကျင်စေခြင်းဖြင့်၊ ငါကိုယ်တော်ရှင်မြတ်အား စော်ကားသော တောကြက်မအား ခုချက်ချင်းဖမ်းစေ"

တောကြက်မလည်း နဂါးမင်း၏အမိန့်တော်အရ တစ်ခဏအတွင်း ရှေ့တော်သို့ ရောက်လာရတော့၏။ ခေါင်းတထောင်ထောင်ဖြင့် ကျိုးကန်းတောင်းမှောက်ကြည့်နေစဉ်၊ နဂါးမင်း၏ ခေါင်းကို ခေါက်မှုဖြင့် စွဲချက်တင်ခံရလေ၏။

"တော်တို့ ရမ်းရမ်းမလုပ်နဲ့။ ကျုပ်ဘာသာကျုပ် အစာစားရင်း၊ သိန်းတွေ စွန်တွေရဲ့ရန်ကို မော့ကြည့်နေတုန်းမှာ မိနှမ်းက ကျုပ်မျက်လုံးထဲ သဲနဲ့ပက်တာတော်ရဲ့၊ ကျုပ်မမြင်မကန်း ထအပျံမှာ၊ ဝါးပိုးစားပေါ် နင်းမိတာ၊ ဒါပဲ။ ဘယ်မှာတုံး ဘုရင်မင်းမြတ်ရဲ့ မကိုင်နှိုင်တော်ကို မရိုမသေလုပ်တာပါသလား"

နဂါးမင်းမှာ တောကြက်မလျှောက်ထားချက်အရ မိနှမ်းအား ရှေ့တော်သွင်းစေ အမိန့်ထုတ်ပြန်ရလေ၏။ သို့ရာတွင် မိနှမ်းရောက်လာသောအခါ ရွှေဖရုံသီးကိုလွှဲချ၏။

"ကျုပ်ဘာသာကျုပ် အေးအေးနေတာပါတော်" အစချီကာ၊ သူ့ခါးကို ရွှေဖရုံသီးက ဝင်ဆောင့်ကြောင်း။ သူဆောင့်သဖြင့် နှမ်းသီးအအက်အအာထဲမှ နှမ်းစေ့တွေ စင်ထွက်ကုန်ကြောင်း။ တောကြက်မအော်ပြီး

mgyoe.com

mgyoe.com


ပြေးမှ တောကြက်မကို သတိပြုမိကြောင်း စသည်ဖြင့် လျှောက်လေ၏။

ထိုအခါ အမှုကြီးမှာ မောင်ရွှေဖရုံ၏ခေါင်းပေါ်သို့ လုံးလုံးလျားလျား ကျရောက်သွားသည်။ သို့တစေ မောင်ရွှေဖရုံကလည်း နဂါးမင်းကို မသိကြောင်း။ တောကြက်မ၊ ဝါးပိုးစား၊ မြွေ၊ ဝက်၊ သခွားတို့ကိုလည်း မသိ။ သူသိသည်မှာ သူ့ကိုမယ်ရွှေယုန်ရှက်လာသော ထင်းစည်းကြီးထိုးသဖြင့်၊ နာကျင်စွာပြေးရာက နှမ်းပင်ကို တိုက်မိမှသာ ရပ်သွားကြောင်း စသည်ဖြင့် ရှည်လျားစွာ ထုချေသည်။

သို့ဖြင့် မယ်ရွှေယုန်အား ရှေ့တော်သို့သွင်းလာကာ၊ အမတ်တစ်ဦးက "မယ်မင်းသည်၊ ဘုရင်မင်းမြတ်အား မတော်မရော်လုပ်သည့်အတွက် ရာဇဝတ်သင့်နေပြီ" ဟု ဆို၏။

"အလိုလေး၊ နေရင်းထိုင်ရင်းနဲ့ ဘယ်ဘုရင်ကို ဘယ်မှာ ဘယ်လိုလုပ်လို့တုန်းတော်"

မယ်ရွှေယုန်မှာ ထွန့်ထွန့်လူးလျက် ပျာယီးပျာယာမေးမိ၏။

"မယ်မင်းသည် မောင်ရွှေဖရုံ၏ခါးကို ထင်းချောင်းဖြင့် ထိုးသည် မဟုတ်သလော"

"ဟုတ်ပါတယ်။ ဒါပေမဲ့ မတော်တဆပါ"

"သို့ဖြစ်သောကြောင့် ရွှေဖရုံသီးက နှမ်းပင်ကိုဝင်ဆောင့်မိသည်။ ထိုအခါတွင် နှမ်းစေ့များ တောကြက်မ၏ မျက်လုံးထဲသို့ဝင်ကုန်ရကား၊ တောကြက်မက လန့်ဖျပ်ပျံရာ၊ ဝါးပိုးစားပေါ်သို့ နင်းမိပြီး၊ အိပ်နေသော မြွေပေါ်သို့ ဝါးကိုင်းကျိုးကျရာ မြွေလည်းပြေးမိပြေးရာ ပြေးသဖြင့် အစာစားနေသည့် ဝက်ကို ဝင်တိုးသည့်အတွက် လန့်ဖျပ်ပြီး ဝက်ကော်လွှတ်လိုက်သော သခွားသီးသည် ငါတို့သခင် ဘောဂဝတီဘုရင်မင်းမြတ်၏ မကိုဋ်တော်ပေါ်သို့ကျသောအမှု၌ မယ်မင်းသည် အဓိကတရားခံဖြစ်သည်"

mgyoe.com

mgyoe.com


"အလိုတော် နေရင်းထိုင်ရင်း အမှုဖြစ်ပါပေါ့လား"

မယ်ရွှေယုန် ဗျစ်တီးဗျစ်တောက် ရေရွတ်သည်။

"သို့ဖြစ်၍ အမှုတွင် မယ်မင်း မည်သို့ထုချေလိုသနည်း"

"သလိုဆိုရင်တော့ မယ်ဖားခုန်ညင်းသာ အဓိကတရားခံပါတော်၊ ကျွန်တော်မရဲ့ ထင်းစည်းလွတ်ကျအောင် သူတမင်လုပ်တာပါ"

သို့ဖြစ်ရကား မင်းချင်းများသည် ဖားခုန်ညင်းကို သွားရောက်ဖမ်းဆီးကြသည်။ သို့ရာတွင် ဖားခုန်ညင်းကို ရှာမတွေ့သဖြင့် လက်ချည်းဗလာ ပြန်လာကြရ၏။

"မယ်ဖားခုန်ညင်းကို မတွေ့ကြောင်းပါဘုရား"

ထိုအခါ အမတ်တစ်ဦးက

"ဟဲ့ မယ်ရွှေယုန်၊ ငါတို့ကို လီဆယ်တာလား။ အမှုပိုပြီးကြီးလေးလိမ့်မယ်နော်"

"မလီဆယ်ပါဘူးတော်၊ မိုးကြိုးကြီး ပစ်ပါရစေရဲ့။ မယ်ဖားခုန်ညင်းကြောင့် အခုလိုဖြစ်ရတာပါ။ သူဟာ အင်ပင်ငုတ်တိုရဲ့အရှေ့ဘက်တစ်လံကွာမှာရှိတဲ့ ဘောင်ဘဲ့ချုံဘေးက ကျောက်တုံးအောက်မှာ နေတာပါတော်"

ထိုအခါ မင်းချင်းတစ်ယောက်က "ဘောင်ဘဲ့ချုံဘေးက ကျောက်တုံးအောက်မှာ မယ်ဖားခုန်ညင်း မနေကြောင်းပါဘုရား။ အနီးအနားရှိ ပက်ကျိတီကောင်တို့ထံတွင် စုံစမ်းရာတွင် မနေကြောင်း ထွက်ဆိုကြပါသည်ဘုရား" ဟု ကြားဝင်လျှောက်တင်၏။

"ကဲ မယ်မင်း။ ဘုရင်မင်းမြတ်ကို စော်ကားမှုတွင် မထိမဲ့မြင် လှည့်ဖြားလီဆယ်မှုပါ တိုးလာပါကလား"

အမတ်ကြီး၏စကားအဆုံးတွင် မယ်ရွှေယုန် ထိတ်လန့်သွားသည်။ သည်အမှုကြီးလေးသည်။ သေဒဏ်အပေးခံရသည်အထိ ကြီးလေး

mgyoe.com

mgyoe.com


ကြောင်း သိသည်။ သိသောကြောင့် လျှောက်လဲသည်။

"မယ်ဖားခုန်ညင်းဟာ ကျွန် ကျွန်တော်မျိုးမ"

မယ်ရွှေယုန်မှာ အကြောက်လွန်လာသဖြင့် စကားထစ်အသည်။ မထစ်စေရန် ကြိုးစားသည်။ ကြိုးစားသောအခါ ပါးစပ်ရွဲ့သွားသည်။ နှာခေါင်းမှာ ရှုံ့တွပြီး တဆတ်ဆတ်တုန်သည်။ တစ်ပြိုင်နက်တည်းပင် ဆန့်ငင်၊ ဆန့်ငင်ဖြင့် တစ်ကိုယ်လုံး အကြောဆွဲတော့သည်။

နဂါးမင်းသည် မယ်ရွှေယုန်အား ခက်ထန်စွာကြည့်နေ၏။ မယ်ရွှေယုန်ဖြစ်နေပုံကို ကြည့်ရင်းကြည့်ရင်း တင်းမာမှု လျော့သွားသည်။ ထို့နောက် ပြုံးစေ့စေ့ဖြစ်လာရာက မအောင့်အည်းနိုင်တော့ဘဲ တဟားဟား ရယ်ချလိုက်လေတော့၏။

မယ်ရွှေယုန်ဖြစ်နေပုံမှာ ရယ်စရာကောင်းငြား၊ မည်သူမျှ မရယ်မောကြ။ ဘုရင်က စတင်ရယ်မောမှသာ ဝါးလုံးကွဲ ရယ်ဝံ့ကြတော့သည်။ ဘုရင့်ခေါင်းကို သခွားသီးဖြင့် ထုမှုကြီးမှာလည်း အလိုအလျောက် ပျက်ပြယ်သွားလေတော့၏။

ယခု "ကြောက်ဖွယ် အနမ်းပါတကား ပုံပြင်နှင့် ကွင်းဆက်က အရှည်ကြီး" ပုံပြင်တို့ကို ဖော်ပြပြီးပါပြီ။

ပထမပုံပြင်တွင် ယုန်မင်းရာဇာ၏ ပညာကြွယ်ပုံ ဉာဏ်ကောင်းပုံကို တွေ့ရပါမည်။ သူ့ထက်စွမ်းအားရှော လုံးရပ်သဏ္ဍာန်ပါ အဆများစွာ သာလွန်သော သတ္တဝါကြီးနှစ်ကောင်၏ ညံ့ဖျင်းပုံကိုလည်း တွေ့ရပြီးပါပြီ။

ခြင်္သေ့မင်းနှင့်နဂါးမင်းတို့ မည်သို့ညံ့ဖျင်းပါသနည်း။

ခြင်္သေ့မင်းသည် တောသုံးထောင်ကိုအစိုးရသောမင်းဖြစ်ပါလျက်၊ အကြားအမြင် နည်းပါးသည်။ နည်းပါးသောကြောင့်သာ နဂါးတစ်ကောင်၏အစွမ်းကို မသိဘဲရှိသည်။ မသိ၍သာ အစွမ်းပြိုင်သည်။

mgyoe.com

mgyoe.com


နဂါးမင်းကလည်း အစွမ်းကား ထက်ပါ၏။ ဂဠုန်တစ်ကောင်၏ တောင်ပံခတ်သံ၊ နှုတ်သီးခေါက်သံသည် ဤမျှထက်ပြင်းသလော၊ ဤမျှသာရှိသလော မသိပါ။ မသိသောကြောင့် ဂဠုန်ဆိုခါမျှဖြင့် ထွက်ပြေးခြင်းဖြစ်၏။

သို့အတွက် အင်အားကြီးခြင်း၊ အလုံးအထည်ကြီးခြင်းထက် ဉာဏ်ပညာကြီးခြင်းက သာလွန်ကြောင်း တွေ့ကြရပါလိမ့်မည်။

ဒုတိယပုံပြင်မှာ အကြောင်းနှင့်အကျိုး ဆက်စပ်နေပုံကို စိတ်ဝင်စားဖွယ် ရက်ဖောက်ထားသည့် ပုံပြင်ဖြစ်ပေသည်။

သို့အတွက် ဤအကြောင်းကြောင့် မည်သို့ဖြစ်မည်နည်းဟူသော မြော်မြင်တွေးဆတတ်မှုကို အလေ့အကျင့်လုပ်ပေးသည့်ပုံပြင်ဟု မှတ်ယူရဖွယ်ရှိပါသည်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့ပြော၊ ပေါ့ပေါ့လုပ်သူများအတွက် အဖိုးတန်ပုံပြင်ဟု မှတ်ယူသင့်ပေသည်။

❒

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အကြောင်းကြကြီးသူများ

တစ်ရံရောအခါက တောကြီးတစ်တောအတွင်း၌ ယုန်ပညာရှိတစ်ကောင် နေထိုင်လေသည်။ ပညာရှိကြီးဖြစ်သောကြောင့် တစ်တောလုံးရှိ တိရစ္ဆာန်များက ရိုသေကြသည်။ လေးစားကြသည်။

သို့ကြောင့် သူပြောသမျှကို တလေးတစား လိုက်နာကြသည်။ သူတွေးတောကြံဆသမျှ မှန်ကန်ခဲ့သည်။ သူဆောင်ရွက်ခဲ့သမျှ အောင်မြင်ခဲ့သည်။ သို့ဖြစ်၍ သူပြောသမျှ မှန်ကန်ရမည်ဟု၊ တရားသေစွဲမှတ်ထားကြခြင်းဖြစ်၏။

တစ်နေ့သောအခါတွင် တစ်တီတူး(တီတီတွတ်)နှင့် မိတ်ဆွေနှစ်ဦးတို့သည် အတူတကွ လှည့်လည်ကျက်စားရင်း၊ သစ်ပင်တစ်ပင်အောက်သို့ ရောက်လာကြသည်။ တီတီတွတ်ငှက်၏ မိတ်ဆွေများမှာ မျောက်နှင့် တီကောင်တို့ဖြစ်ကြပေ၏။

သူတို့လမ်းတစ်လျှောက် တွေ့ခဲ့သော သစ်သီးများအနက် ကြိုက်ရာ သန်ရာ ခူးဆွတ်လာခဲ့ကြ၏။ သစ်တိုသီး၊ ကနစိုးသီး၊ သပြေသီး၊

mgyoe.com

mgyoe.com


သဖန်းသီး၊ ဘောင်ဘဲ့သီး၊ မဥ္စူသီး၊ သစ်ဆိမ့်သီး၊ လွန်သီး စသည်ဖြင့် အမျိုးစုံလှ၏။

ထိုသစ်သီးများကို သူတို့သည် သစ်ပင်၏ပင်ခြေတွင် စုပုံထားလိုက်ကြ၏။ ပုံ၍ပြီးလျှင်ပြီးချင်း မျောက်က သပြေသီးတစ်လုံး ကောက်ကာ ငင်ကာ စားလိုက်သည်။

"ချဉ်လိုက်တာကွာ၊ သရက်သီးလား မှတ်ရသကွာ"

"ဘာကွ၊ သပြေသီးက သရက်သီးလို ချဉ်တယ် ဟုတ်လား"

တီကောင်က သူ့နားသူမယုံဟန်ဖြင့် မေး၏။

"အေး ဟုတ်တယ်"

"ဒါဖြင့် ငါလည်း စားကြည့်ဦးမယ်"

တီကောင်က ပြောပြောဆိုဆို သပြေသီးတစ်လုံး ဆွတ်ယူကိုက်ဖဲ့သည်။

"ချိုလိုက်တာကွာ၊ သရက်သီးကျနေတာပဲဟေ့"

ထိုစကားကြောင့် မျောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားရ၏။

"ဘာကွ၊ သပြေသီးနဲ့ သရက်သီးက ချိုတယ်ဟုတ်လား" ဟု မနှစ်သက်သံဖြင့် မေး၏။

"ဟုတ်တယ်လေ၊ မယုံရင် စားကြည့်၊ ရော့"

တီကောင်က ပေးသော်ငြား၊ မျောက်မယူ။ သပြေသီး နောက်တစ်လုံး ယူစားပြန်သည်။ တီကောင်စားသော အလုံးက မှည့်သောကြောင့် ချိုသော်ငြား၊ မျောက်စားသည့် သပြေသီးများမှာ နုစ်လုံးလုံးချဉ်နေသည်။ ချဉ်ရခြင်းမှာ မမှည့်သေး၍ဖြစ်ပေသည်။

"ဖွီ၊ တီရူး၊ တီမိုက်။ ငါ့ကို လိမ်တာ"

"မလိမ်ပါဘူးကွာ၊ ရော့ သည်မှာ စားကြည့်"

မျောက်သည် တီ၏လက်ကို ပုတ်ချရာက "ပြီးတော့ သရက်သီး

mgyoe.com

mgyoe.com


ကိုလည်း ချိုသတဲ့၊ တီရှူး” ဟု ဆိုသည်။

“မင်းက ငါ့ကို တီရှူးတဲ့၊ တီမိုက်တဲ့၊ ဟုတ်လား မျောက်နာ”

တီကောင်က စိတ်ဆိုးဆိုးဖြင့် ကနစိုးသီးနှင့်ကောက်ပေါက်သည်။ ထိုအခါတွင် မျောက်မှာ စိတ်မဆိုးဘဲ တဟားဟား ရယ်မောလျက် သစ်ပင်ပေါ်သို့ တက်ပြေးလေ၏။

“မင်း ဆင်းဝံ့ရင် ဆင်းခဲ့၊ ဆင်းလာရင် အနာပဲ”

သို့စဉ်တွင် တီတီတွတ်က သပြေသီးတစ်တွဲချီလျက်၊ သစ်ပင်ပေါ်သို့ ပျံတက်သွားသည်။

“သရက်သီးကို ငတီက ချိုတယ်၊ မင်းက ချဉ်တယ်ပြောတာ ဘာကြောင့်တုံး သိလား”

“ဘာဖြစ်လို့တုံး ပြောပါဦး”

“မမှည့်သေးတဲ့ သရက်သီးချည်း စားဖူးလို့ ချဉ်တယ် ထင်တာကွ။ ငတီကတော့ သူစားတိုင်း သရက်သီးမှည့်နဲ့တိုးတော့ ချိုတယ်ပြောတာပဲကွ၊ ဟုတ်ပြီလား”

“သလိုဆိုတော့လည်း ဟုတ်သားပဲ”

မျောက်သည် မျောက်ပီပီ ကွိကွိကွကွမြည်သည်။ ခုန်သည်။

“အခုလည်း မင်းစားတဲ့ သပြေသီးတိုင်းဟာ မမှည့်သေးတဲ့အတွက် ချဉ်တာကွ။ အဲဒါကြောင့် ဟောသည့် သပြေသီးမှည့်တွေကို စားကြည့်။ ချိုနေတာ တွေ့ရလိမ့်မယ်”

မျောက်သည် တီတီတွတ်ပေးသော သပြေသီးကိုစားသည်။ “ဟုတ်သဟ၊ ချိုသဟ” အော်သည်။ ဟိုကိုင်း သည်ကိုင်း ပြေးလွှားသည်။

“ငတီရေ နင်ပြောတာ မှန်သဟ၊ ငါပြောတာ မှားသဟ”

“မှားရင် ဆင်းလာပြီးရှိခိုး”

“ဘာပြုလို့ ရှိခိုးရမှာတုန်း ငနာရ”

mgyoe.com

mgyoe.com


ထိုအခိုက်တွင် တီတီတွတ်သည် သစ်ပင်ထိပ်ဖျားသို့ ပျံတက်နားနေသည်။ ထို့နောက် ချက်ချင်းပြန်ဆင်းလာသည်။

"ဟော့ သူငယ်ချင်းတို့။ မဆူကြနဲ့ကွ"

"အရေးတကြီးနဲ့ ဘာဖြစ်လာတာတုံး" ဟု တေီက အော်မေးသည်။ မျောက်ကလည်း မျက်လုံးပေကလတ်ပေကလတ်ဖြင့် တီတီတွတ်၏အဖြေကို စောင့်နေ၏။

"သည်ချုံတန်းရဲ့ ဟိုဘက်က ကံ့ကော်ပင်အောက်မှာ ပညာရှိကြီးရောက်နေတယ်"

မျောက်ရော တီပါ ငြိမ်သက်သွားကြသည်။ မျောက်လည်း ချက်ချင်းပင် သစ်ပင်ပေါ်မှ ညင်သာစွာ ဆင်းလာသည်။

"ပညာရှိကြီး အေးအေးလူလူ စဉ်းစားခန်းဝင်နေတာ၊ တို့တစ်တွေသွားပြီး ချောင်းကြည့်ရရင် မကောင်းဘူးလား"

ခဏအကြာ၌ တီကောင်၏ အဖော်ညှိသံ။

"သူ့အတွက် အနှောင့်အယှက်ဖြစ်ပါမယ်ကွာ"

တီတီတွတ်က ဟန့်တားပြော၊ မျောက်နှင့်တီတို့ တသဘောတည်းဖြစ်သွားကြ၏။

"ဘာမျှ အနှောင့်အယှက်မဖြစ်စေရဘူး။ သူက ချုံတန်းရဲ့ ဟိုဘက်မှာနေတယ်၊ ငါတို့က သည်ဘက်မှာနေတယ်။ စကားလည်း မပြောဘူး။ ငြိမ်ငြိမ်ကလေးနေမှာ"

"ဟုတ်တယ်ကွ။ ပညာရှိရဲ့ နေပုံထိုင်ပုံကိုကြည့်ပြီး အတုခိုးနိုင်တာပေါ့"

တီက တွန့်ကာလွန့်ကာ၊ မျောက်ကလေးဘက် တွားကာသွားကြသည်။ တီတီတွတ်လည်း ခုန်ဆွခုန်ဆွ လိုက်ပါသွားသည်။

ကံ့ကော်ပင်သည် အရိပ်အာဝါသကောင်းလှ၏။ အေးချမ်းတိတ်

mgyoe.com

mgyoe.com


ဆိတ်၏။ သည်အောက်၌ ပညာရှိဦးရွှေယုန်သည် သစ်ပင်ကိုမှီလျက် နဖူးပေါ်လက်တင်ထား၏။ တင်ပျဉ်ခွေချိတ်ထား၏။

အတော်ကြာမှ လှုပ်ရှား၏။ သမ်းဝေ၏။ ထို့နောက် အသံထွက်လာသဖြင့် မိတ်ဆွေသုံးဦးတို့ အသက်မရှူဘဲ နားစွင့်ကြ၏။

"အင်း၊ သတ္တလောကကြီးမှာ သတ္တဝါရယ်လို့ ဖြစ်လာပါတယ်၊ ဘေးအန္တရာယ်တွေ တယ်များသကိုး"

"ဟော ဘေးအန္တရာယ်တဲ့"

ငတီက ဝမ်းသာအားရ ပြောသဖြင့်၊ မျောက်က ငတီပါးစပ်ကို အမြန်ဆုံးလှမ်းပိတ်၏။

"တိတ်တိတ်နေပြီး ဆက်နားထောင်စမ်း"

မှန်ပါသည်။ ပညာရှိ ဦးရွှေယုန်၏ မြည်တမ်းသံ မဆုံးသေးပါ။

"ဟုတ်တယ် ဟုတ်တယ်၊ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးများ အလွန်ကြောက်စရာကောင်းတာပဲ။ ငှက်တွေစားဖို့ သစ်သီးတွေက မသီး။ သစ်ရွက်စား သတ္တဝါတွေအတွက် မြက်တွေ၊ ချုံတွေမရှိနဲ့။ အင်း တစ်နေ့မစားရင် တစ်နေ့မဖြစ်တာကလား။

မျောက်နှင့်တီကောင် တီတီတွတ်တို့မှာ မျက်လုံးအဝိုင်းသားဖြင့် ထိတ်လန့်စွာ နားထောင်နေကြသည်။ ပညာရှိဦးရွှေယုန်လည်း ဆက်လက်ရွတ်ပြန်သည်။

"တောထဲက ငါတို့တစ်တွေ စားစရာမရှိလို့ သေကုန်မှတော့ မြို့ရွာနိဂုံးဇနပုဒ်မှာနေတဲ့ လူတွေကော ဘာခံနိုင်မတုံး။ တို့တစ်တွေ အတုံးအရုံးသေသလို၊ သူတို့လည်း သေကြတာပဲ။ အင်း စားနပ်ရိက္ခာပြည့်စုံဝလင်ပေမယ့် အန္တရာယ်ကတော့ မကင်းဘူး။ ငလျင် ငလျင်"

မိတ်ဆွေသုံးဦးသည် ငလျင်ကို မသိပေ။ တစ်ဦးမျက်နှာတစ်ဦး ကြည့်ငြား အဓိပ္ပာယ်မထွက်။

mgyoe.com

mgyoe.com


"တယ် ကြောက်ဖို့ကောင်းတဲ့ ငလျင်ပါတကား။ အလွန်ကြီးမား ကျယ်ပြန့်လေးလံတဲ့ သည်မြေပြင်ကြီးက ကျွမ်းထိုးမှောက်ခုန်ဖြစ်။ သွက်သွက်ခါအောင် လည်တဲ့ ငလျင်။ တောင်ကြီးတွေ၊ ချောက်ကြီးတွေ၊ မြစ်လိုဖြစ်၊ ရေတွေ ပန်းထွက်၊ ချောက်ကမ်းပါးကြီးတွေ ပြိုကျနဲ့၊ ကြောက်စရာပဲ"

မိတ်ဆွေသုံးဦးမှာ တုန်လှုပ်ချောက်ချားစွာဖြင့် တစ်ဦးကိုတစ်ဦး ဖက်ထားမိကြသည်။ မိမိတို့ရပ်နေသော မြေပြင်ကြီးသာ၊ ပညာရှိဦးရွှေယုန်ဆိုသကဲ့သို့ ဖြစ်သွားပါက၊ မည်သို့လုပ်ကြမည်နည်း။

သို့တစေ ဦးရွှေယုန်၏မြည်ရွတ်သံက မစဲသေး။

"ရာသီဥတုကလည်း မှန်ကန်ပါရဲ့။ မုန်တိုင်းမကျ၊ မိုးမလောင်၊ ရောဂါမဖြစ်၊ စားနပ်ရိက္ခာဖူလုံ ငလျင်လည်းမလှုပ်ပြန်တော့၊ သူခိုးတဲ့။ သူတစ်ပါး အိပ်ပျော်နေမှ ဝင်ခိုးတယ်။ အလစ်ဝင်ဆွဲတယ်။ သူခိုးဘေးကလည်း တစ်မှောင့်မို့ သတ္တလောကကြီးဟာ တကယ်လည်း အန္တရာယ်များသကိုး။

ပညာရှိကြီးသည် လက်နှစ်ဘက် နောက်ပစ်လျက် ငုံ့ကိုင်းငုံ့ကိုင်းဖြင့် ထွက်ခွာသွားလေ၏။ မိတ်ဆွေသုံးဦးမှာကား၊ တစ်ဦးကိုတစ်ဦး ဖက်လျက် တအင့်အင့် တအိအိ တအီးအီး ငိုရင်း ကျန်ရစ်ခဲ့ကြသည်။

"ငါတို့ စားစရာတွေ ပျောက်သွားရင် ဘယ်နှယ့်လုပ်မတုံး"

မြေကြီးသာလျှင် အစာပြုသော တီကောင်က ပူစောင့်ပူပန်မေးပြီး၊ သည်းထန်စွာငို၏။

"အမယ်လေး ငလျင်တဲ့ဗျ။ တောတောင်ရေမြေအားလုံး သွက်သွက်ခါ လှုပ်မှတော့ ခေါင်းပေါ်က မိုးကြီးပြိုကျပြီး၊ ပြားချပ်ကုန်တော့မှာပါကလားဗျာတို့"

ငလျင်ဘေးကို တွေးပြီး ငိုသူက တီတီတွတ်။

mgyoe.com

mgyoe.com


"ငါတို့နေတဲ့ မြေပြင်ကြီးကို သူခိုးဝင်ခိုးသွားရင်၊ မင်းတို့ငါတို့ နေစရာ မရှိတော့ပါကလား"

မျောက်ကလည်း ပြော၍ ပြော၍ ငိုသည်။ အားရပါးရငို၍ မောသလောက်ရှိတော့မှ တီကောင်က စတင်သတိပေး၏။

"ငါတို့တစ်တွေ သည်လိုငိုနေလို့ မပြီးဘူး သူငယ်ချင်းတို့၊ ဒါကြောင့် ပညာရှိကြီးပြောသွားတဲ့ အန္တရာယ်တွေကို ကြိုတင်ကာကွယ်ကြရအောင်"

"ဘယ်လို ကာကွယ်မတုံး။ ငါတော့ ကြောက်တာပဲသိတယ်"

မျောက် အကြံတောင်းသည်။

"သတ္တဝါတွေ ငတ်မွတ်ခေါင်းပါးမှု မဖြစ်ရအောင်၊ ကြိုတင်ပြီး အစာကိုလျှော့စားကြမယ်ကွာ"

တီတီတွတ်က "ဟုတ်တယ်၊ ကောင်းတယ်" ထောက်ခံသောအခါ ငတီက သူ၏သန္နိဋ္ဌာန်ကို ထုတ်ဖော်၏။

"ဒါကြောင့်၊ ငါဟာ ကနေ့ကစပြီး အစာကို ဝအောင်မစားတော့ဘူး။ လျှော့စားမယ်ကွာ"

ထိုအခါ မျောက်ကလည်း

"ငါတို့နေတဲ့ သည်မြေပြင်ကြီးကို သူခိုးခိုးမသွားအောင် ညစဉ်ညတိုင်း သစ်ပင်ပေါ်က ဆင်းပြီး သုံးခါ လက်နဲ့စမ်းမယ်။ ဒါမှလုံခြုံမှာလေ"

ဟု သူဆောင်ရွက်မည့်စိတ်ကူးကိုပြော၏။

"သည်လိုဆို ငါကလည်း တခြားငှက်တွေလို ဝပ်ပြီး မအိပ်ဘူးကွ သိလား၊ ပက်လက်လှန်အိပ်မယ်။ ဒါမှ လျှောင်လှုပ်လို့ မိုးကြီးပြိုလာရင် ခြေထောက်နှစ်ဖက်နဲ့ ကန်ထားနိုင်မယ် မဟုတ်လား"

တီတီတွတ်၏စိတ်ကူးကို ကျန်မိတ်ဆွေများက ချီးမွမ်းထောက်ခံ

mgyoe.com

mgyoe.com


ကြသည်။ ထိုအချိန်မှစတင်ပြီး တီကောင်သည် မြေကြီးကို ဝလင်စွာ မစားချေ။ မျောက်ကလည်း အိပ်ရာမှထထပြီး မြေကြီးကို သုံးခါစမ်းသည်။ တီတီတွတ်ငှက်လည်း ပက်လက်အိပ်တော့သည်။

ဤအချက်သုံးရပ်ကို ထောက်ရှုပြီးလျှင် ရှေးလူကြီးသူမများက တီနှင့်မျောက်၊ တီတီတွတ်တို့အား သတ္တဝါမိုက်သုံးဦးဟု သတ်မှတ်ထားခဲ့ကြပေသတည်း။

ဤပုံပြင်ပါ သတ္တဝါမိုက်သုံးဦးသည် ရယ်စရာသတ္တဝါများအဖြစ် ပြောစမှတ်တွင်၏။

သို့ရာတွင် ခြသေ့်ဆီသည် ရွှေခွက်၌သာ တည်သည်ဆိုသောစကားနှင့်အညီဖြစ်ပေသည်။ ခြသေ့်ဆီသည် ရွှေခွက်တွင်သာတည်သကဲ့သို့၊ ပညာရှိတို့၏အဖိုးတန်စကားများသည် လူလိမ္မာတို့ထံတွင်သာ တည်သည်။

ယုန်ပညာရှိ၏ညည်းတွားစကားသည် လူမိုက်သုံးဦးဖြစ်သော တီနှင့် မျောက်၊ တီတီတွတ်တို့နှင့် မထိုက်တန်ကြောင်း သူတို့၏အပြုအမူများက ဖော်ပြနေပေတော့၏။

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အာမခံအပေးမှားသူ

"အားကလောက်လောက်"

ရွှေကျိုးညိုသည် သူငယ်ချင်းဖြစ်သူ ရွှေဖိုးကွက်ကြားစေရန် အသံပေးလိုက်၏။ ဖိုးကွက်က မြွေကင်းစသည့် အဆိပ်ထန်သတ္တဝါများကို အရှင်လတ်လတ်ဖမ်းယူစားသောက်၏။ ကျိုးကန်းက လုလုယက်ယက်ဖြင့် အစုံစားသတ္တဝါဖြစ်၏။

သို့နှယ် စရိုက်ချင်း၊ အကျင့်ချင်း မတူညီငြား သူတို့နှစ်ကောင်သည် အလွန်ချစ်ခင်ကြ၏။ ချစ်ခင်သောကြောင့် အတူတကွ အစာရှာကြ၏။ ဖိုးကွက်ကြိုက်သော အစာကို ကျိုးကတွေ့လျှင် ကျိုးကဖိုးကွက်ကိုခေါ်ပြသည်။ အလားတူပင် ကျိုးနှစ်သက်ရာကို ဖိုးကွက်ကတွေ့လျှင်လည်း ကျိုးကို ခေါ်ငင်ပြသ၏။

ယနေ့လည်း ခါတိုင်းကဲ့သို့ အတူတကွ အစာရှာထွက်ရန် ကျိုးကအသံပေး၏။ တစ်ကြိမ်ဖြင့် ဖိုးကွက်ရောက်မလာသောအခါ "အအိပ်ကြီးတဲ့ အကောင်ပဲ" ဟု ကျိုးရေရွတ်၏။ နှစ်ကြိမ်မြောက်အသံပေး၏။

mgyoe.com

m.gyoe.com


ဇီးကွက်ရောက်မလာသေး။

"ဟေ့ အပျင်းကောင်ကြီး မလာသေးဘူးလား။ အား အား"

သုံးကြိမ်မြောက် အသံပေးပြီးသော်ငြား ဇီးကွက်၏အရိပ်အယောင်ကို မမြင်ရသေးချေ။

"နေထိုင်များ မကောင်းရှာ့သလား"

ရွှေကျီးညိုသည် စိုးရိမ်စိတ်ဝင်လာသည်။ ရွှေဇီးကွက်လာနေကျလမ်းဘက်သို့ မျှော်ကြည့်၏။ ထို့နောက် သစ်ပင်တစ်ပင်ထိပ်သို့ ပြောင်းရွှေ့နား၏။

"အား ကလောက်၊ အားကလောက်"

ရွှေဇီးကွက် မပေါ်လာပါ။

"ဟုတ်ပါပြီ။ တစ်ခုခုဖြစ်တာ သေချာပါပြီ"

ရွှေကျီးသည် သူငယ်ချင်း၏အသိုက်ရှိရာ သစ်ပင်သို့ ပျံသန်းလာခဲ့သည်။

"ဟေ့ကောင်ကြီး။ အစာရှာထွက်ဖို့ နောက်ကျနေပြီ ထ"

ရွှေဇီးကွက်၏အိမ်တံခါးပွင့်လာငြား အိမ်ရှင်ထွက်မလာပေ။ သို့အတွက် တံခါးဝသို့ ရွှေကျီးညိုသွားရ၏။ အိမ်တွင်းသို့ လှမ်းကြည့်သောအခါ မမာရုပ်ပေါက်နေသော ရွှေဇီးကွက်။

"ဟင် ဘယ်လိုဖြစ်တာတုံး သူငယ်ချင်း"

"အိမ်ထဲ ဝင်ခဲ့စမ်းပါကွာ"

ရွှေဇီးကွက်၏အသံမှာ အခါတိုင်းကဲ့သို့ မမာကျောချေ။

ရွှေကျီးညိုသည် အိမ်ထဲသို့ဝင်လာသည်။ "ဘာဖြစ်တာတုံး၊ ဖျားတာလား" ဟု မေး၏။

"မနေ့တုန်းကကွာ။ အချိန်လည်း စောသေးတာနဲ့ ဟိုဘက်ရွာကို သွားမိသကွ။ သစ်ကိုင်းတစ်ကိုင်းပေါ်နားပြီး ချောင်းနေတုံးမှာ ကောင်

mgyoe.com

mgyoe.com



လေးတစ်ယောက်က လောက်လေးနဲ့ပစ်တာ"

"ထပျံပြေးပေါ့ကွ"

"အမှိုက်ပုံထဲက ထွက်လာတဲ့ ကင်းခြေများကို ဂရုစိုက်နေမိတော့ သတိလစ်သွားသကွာ။ ကပျာကယာထပျံပေမယ့် နောက်ကျသွားပြီလေ"

"ဘယ်မှန်သွားတုန်း၊ ရင်အုပ်လား ခေါင်းလား"

ရွှေကျီးညိုက အနားကပ်ပြီး ဦးခေါင်းရင်အုံများကို စမ်းသပ်ကြည့်သည်။

"ခေါင်းဖြစ်ဖြစ် ရင်ဘတ်ဖြစ်ဖြစ် လောက်စာလုံးမှန်ပြီး သေတာကမှ ကောင်းပါသေးတယ်ကွာ"

"ဟင် မင်းဟာက" ဟု ဆိုကာ ရွှေကျီးညိုမှာ အစဉ်းစားရခက်သွား၏။

"ဒါဖြင့် ဘယ်ကိုမှန်တာတုန်း"

ရွှေဇီးကွက်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ "မသိချင်ပါနဲ့ကွာ" ဟု လေသံပျော့ဖြင့် တုံ့ပြန်၏။

"ဟာ ဘယ့်နှယ် မသိချင်ရမှာတုန်း။ မင်းနဲ့ငါဟာ အချစ်ဆုံး သူငယ်ချင်းတွေပဲ။ ငါ့မပြောလို့ ဘယ်သူ့ကို ပြောမှာတုန်း"

ရွှေဇီးကွက်ကား မျက်နှာလွှဲလျက် တုဏှီဘာဝေနေမြဲနေ၏။

"ဟေ့ကောင် ငကွက်။ သည်လိုလုပ်နေလို့ မဖြစ်သေးဘူးဟ။ အနာသိမှ ဆေးရှိမှာပေါ့။ ဘာဖြစ်တယ်ဆိုတာ ပြောပါဟ"

ရွှေကျီးညိုက အတင်းရော အဓမ္မပါ မေးလွန်းတော့မှ ရွှေဇီးကွက်သည် မရဲတရဲ မပွင့်တပွင့်ပြော၏။

"လောက်လေးနဲ့ ပစ်လိုက်တဲ့ လောက်စာလုံးဟာ စအိုထဲဝင်သွား ... သွားတယ်ကွာ။ အစာဟောင်းမထွက်တော့၊ အပုပ်ဆန်ပြီးဖျား၊ အဲဖျားတဲ့အတွက် အစာလည်း မစားနိုင်တော့ဘူး"

mgyoe.com

mgyoe.com


ရွှေကျီးညိုမှာ "ဟင်း" ခနဲ သက်ပြင်းရှိုက်မိသည်။ သို့သော် ငှက်မမှာ စိတ်ဆင်းရဲမည်ကို ချက်ချင်းသတိရသဖြင့် ရွှင်လန်းဟန် လေသံပြောင်း၏။

"အခုလို အနာသိရင် ဆေးရှိပြီပေါ့ကွ။ မင်း ဘာမျှ မစိုးရိမ်နဲ့၊ ငါ အခုပဲ ဆေးဆရာခေါ်ခဲ့မယ်"

ရွှေကျီးညိုသည် လျင်မြန်ဖျတ်လတ်စွာထ၍ ဟရူးကနဲ ပျံသန်းထွက်ခွာသွားလေ၏။ မကြာမီပင် ရွှေကျီးညို ပြန်ရောက်လာသောအခါ တိုင်းရင်းသမားတော်ကြီး ကဝိဘိသက္ကဦးရွှေညသြပါလာသည်။

ဦးရွှေညသြသည် သူနာ ရွှေဇီးကွက်၏ ရုပ်လက္ခဏာများကို စစ်ဆေးသည်။ ရောဂါရခြင်း၏ ဇာစ်မြစ်ကို စူးစမ်းသည်။ ထို့နောက် ရွှေကျီးညိုအား ခပ်လှမ်းလှမ်းသို့ ခေါ်သွား၏။

"အားတော့နာပါတယ် အမောင်။ သို့သော်လည်း မပြောရင်မဖြစ်တဲ့အတွက် ပြောရတော့မှာပါ"

"အမိန့်ရှိတော်မူပါခင်ဗျာ။ အားမနာပါနဲ့"

ရွှေကျီးညိုက ရိုသေခယလျက် တောင်းပန်၏။

"အမောင့်လူနာမှာ သူယုတ်မာတို့ရဲ့လက္ခဏာအပြည့်ရှိတယ်။ ငါဟာ မရှိဆင်းရဲသားများကို အလကားကုပေးပေမယ့် ဥစ္စာပစ္စည်းရှိသူများဆိကတော့ ပညာကို တန်ဖိုးထားသောအားဖြင့် ဆေးဖိုးဝါးခကို ထိုက်ထိုက်တန်တန် ယူတယ်"

"ယူပါခင်ဗျာ ယူပါ၊ ဆရာယူသလောက် ပူဇော်ပါ့မယ်"

ဦးရွှေညသြက ခေါင်းကိုလေးတွဲ့စွာ ခါယမ်းရင်း "အမောင့်လူနာဟာ သူယုတ်မာဖြစ်တဲ့အတွက် ပေးမှာမဟုတ်ဘူး" ဟု ပြောသည်။

"သည်အတွက် ကြောင့်ကြတော်မမူပါနဲ့ ဆရာ။ သူနာ ရွှေဇီးကွက်မပေးရင် ကျွန်တော် ငကျီးညိုက ပေးပါမယ်ဆရာ"

mgyoe.com